# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် ( ၈၃ )


## တဒင်္ဂလူကြိုက်များမှုကို မပြုဘဲ ရေရှည်အကျိုးစီးပွားကို ဦးတည်

ခေါင်းဆောင်တစ်ယောက်ဟာ စစ်မှန်တဲ့အရည်အချင်းရှိမှသာ ခိုင်မြဲတဲ့နောက်လိုက်တွေကိုရနိုင်တာဖြစ်၊ ဒါကြောင့် တဒင်္ဂလူကြိုက်များမှုကိုမပြုဘဲ ရေရှည်အကျိုးစီးပွား အစစ်အမှန်ကိုသာ ဦးတည်ချက်ထားရမယ်။ သာမန်ထက်မြင့်အောင်ဖြည့်ဆည်းနိုင်မှ သာမန်လူတွေကို ခေါင်းဆောင်နိုင်မှာဖြစ်ပြီး အရည်အချင်းမြင့်မားသူတွေထက် ထူးထူးကဲကဲဂုဏ်သတ္တိရှိမှသာ စံပြုလောက်တဲ့ ခေါင်းဆောင်ဖြစ်လာလိမ့်မယ်။



### မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံနှင့်နိုင်ငံသားများကို အကြွင်းမဲ့ကာကွယ်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ် လိုအပ် နိုင်ငံတော်ကာကွယ်ရန် ပြည်ပအမှီအခိုကင်းရေး မဖြစ်မနေကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

*စာမျက်နှာ ၃ ကော်လံ ၁* ■



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**<u>တက်ရောက်</u>**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ

*စာမျက်နှာ ၈ ကော်လံ ၁* ❒

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

# ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေမည့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ

နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ပိုမိုတိုးတက်စေရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ စီးပွားရေး အခွင့်အလမ်းကောင်းများနှင့် မိတ်ဆွေစစ် မိတ်ဆွေကောင်းများ ရှာဖွေရရှိရန်၊ မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ရရှိပြီးချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲ ရှင်သန်စေရန်နှင့် ပိုမိုတိုးမြှင့်ရန်ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်ကြီး၌ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ-၂၀၀၆ကို ဒီဇင်ဘာ၁၈ရက်က ဖွင့်လှစ်ခဲ့သည်။

မူဆယ်၁၀၅မိုင် ကုန်သွယ်ရေးဇုန်ကြီးသည် မြန်မာနိုင်ငံ၌ အကြီးဆုံးနှင့် ပထမဆုံး တည်ဆောက်ခဲ့သည့် ကုန်သွယ်ရေးဇုန်ကြီးဖြစ်သည်။ ယခုပြပွဲ၌ နှစ်နိုင်ငံကုန်စည်ပြခန်း စုစုပေါင်း ၂၀၀ကျော်ရှိပြီး ဒေသထွက် ပဲ၊ ပြောင်း၊ သစ်သီးဝလံများ အပါအဝင် နိုင်ငံတစ်ဝန်းလုံးမှ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများ၊ ကျောက်မျက်ရတနာ ပစ္စည်းများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများအားလုံး စုံလင်စွာပြသထားသည်။

ယင်းကုန်စည်ပြပွဲတွင် ကုန်သွယ်မှု ဆောင်ရွက်နိုင်ရေးအတွက် တင်ပို့တင်သွင်းလိုသည့် ကုန်ပစ္စည်းများကို ရောင်းသူဝယ်သူနှစ်ဦးနှစ်ဖက် ကိုယ်တိုင်ကိုယ်ကျ မျက်မြင်တွေ့ရှိရမည်ဖြစ်သည်။ ကုန်သည်များအတွက် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုနိုင်ရေး၊ စိတ်ဝင်စားသည့် ကုန်ပစ္စည်းအမယ်များအပေါ် တွေ့ဆုံညှိနှိုင်းနိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးသွားမည် ဖြစ်သဖြင့် လုပ်ငန်းရှင်ကုန်သည်များအတွက် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိမည် ဖြစ်သည်။

ယခုပြပွဲ၌ မြန်မာ-တရုတ်နှစ်နိုင်ငံ သာမက အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအို နိုင်ငံများပါ ပါဝင်ပြသလျက်ရှိရာ ဒေသတွင်းနိုင်ငံများ၏ လုပ်ငန်းရှင်များအားလုံးအတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိမည်ဖြစ်သည်။ ထို့အပြင် ကုန်သည်အချင်းချင်း တွေ့ဆုံခြင်းအားဖြင့် ပုဂ္ဂိုလ်ရေးချစ်ကြည်ရင်းနှီးမှု ရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် များစွာ အထောက်အကူဖြစ်စေမည် ဖြစ်သည်။

ယခုအခါ အိမ်နီးချင်းနိုင်ငံများအားလုံး ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ခြင်း၏ အသီးအပွင့်များအဖြစ် နယ်စပ်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်း တိုးမြှင့်လာခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကို တစ်စထက်တစ်စ ရရှိလျက်ရှိပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကာဇက်စတန်သမ္မတ ပေကျင်းမြို့သို့ ရောက်ရှိ

ပေကျင်း ဒီဇင်ဘာ ၂၁

**ကာဇက်စတန်သမ္မတ နာဆူလတန် နာဇာဘေရက်သည် ဒီဇင်ဘာ ၁၉ ရက်က ပေကျင်းမြို့သို့ ငါးရက်ကြာ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည်။**

၎င်းရောက်ရှိစဉ်အတွင်း နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ၁၀ ခုကို သဘောတူညီခဲ့သည်။

နာဇာဘေရက် လာရောက်လည်ပတ်စဉ်အတွင်း တရုတ်သမ္မတ ဟူကျင်တောင်၊ ဥပဒေပြုအဖွဲ့ဝင် ဝူဘန်ကူးနှင့် ဝန်ကြီးချုပ် ဝမ်ကြားပေါင် တို့က လက်ခံတွေ့ဆုံကြသည်။

**ပြောကြား**

တရုတ်နှင့် ကာဇက်စတန်နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည်ဟုတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြီးခဲ့သည့်ရက်သတ္တပတ်ကပြောကြားခဲ့သည်။

တရုတ်နှင့် ကာဇက်စတန် နှစ်နိုင်ငံအကြား မိတ်ဆွေကောင်းပီသစွာ သံတမန်ဆက်ဆံရေးမှာ လာမည့် ဇန်နဝါရီလတွင် (၁၅)နှစ်မြောက် နှစ်ပတ်လည် ကျရောက်မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မလေးရှားခရီးသွားနှစ် အထိမ်းအမှတ် မီတာ ၆၀ အမြင့်ရှိ ချားရဟတ်ကြီးဖွင့်မည်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၁**

မလေးရှားနိုင်ငံတွင် လာမည့် ၂၀၀၇ မလေးရှားခရီးသွားနှစ် အထိမ်းအမှတ်အဖြစ် မီတာ ၆၀ အမြင့်ရှိ ချားရဟတ်ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာများ၌ ဒီဇင်ဘာ ၁၉ ရက်က ဖော်ပြသည်။

**မျှော်လင့်**

လာမည့်နှစ် ဇန်နဝါရီလ ၆ရက်တွင် ရဟတ်အတွဲပေါင်း ၄၂ တွဲ ပါဝင်သည့် အဆိုပါချားရဟတ်အား ဖွင့်လှစ်နိုင်လိမ့်မည်ဟု မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက မျှော်လင့်သည်။

ချားရဟတ်ကို မလေးရှားနိုင်ငံသုံး ရင်းဂစ်သန်း ၃၀ နီးပါး အကုန်အကျခံကာ တည်ဆောက်ခဲ့ပြီး ယခုအချိန်တွင် နောက်ဆုံးအဆင့် တည်ဆောက်မှုများ ပြုလုပ်လျက်ရှိသည်။ အများပြည်သူများအတွက် ဇန်နဝါရီ ၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## မြဝတီရုပ်မြင်သံကြား

**၂၂-၁၂-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| ၆း၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်"** (အပိုင်း-၅) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၂၉) |

## ပုလောမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုသဘင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားနှင့် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၃ရက်(စနေနေ့)တွင် ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး ရွှေစံပယ်ရိပ်မွန်နှင့် ရွှေမာလာရိပ်မွန်(ကြား)ရှိ Lion City Restaurant တွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်မိသားစုများမှ အသက်(၇၅)နှစ်ပြည့်ပြီး အဘိုးအဘွားများ၊ ၂၀၀၆ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၀၆ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်တည်း ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင် သားသမီးများသည် အမှတ်စာရင်း ပြည့်စုံစွာဖော်ပြပြီး ဒီဇင်ဘာ၃၁ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ ပေးပို့ရန်နှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသည့် အသင်းဝင်သားသမီးများ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ အထောက်အထားများနှင့် ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၂-၂၀၀၆ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | နိဗ္ဗာနဓမ္မဂုဏ်ရည် တရားတော် (သီတဂူဆရာတော်) |
| ၈း၀၀ | Myanmar Video Rhythm |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | ပျော်ရွှင်စရာ ပီတိအလှူ |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | ရှုချင့်စရာ မျက်လှည့်ပဒေသာ (အပိုင်း-၂) |
| ၉း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | အားလပ်ရက်တစ်နေ့မှာ (စားချင်ဖွယ်ရာ ဂျင်ဆင်းဟော့ပေါ့အရသာ) |
| ၁၀း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | အမျိုးသမီး ရုပ်သေးကြိုးဆွဲပညာရှင်နှင့် တွေ့ဆုံခြင်း |
| ၁၀း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၅ | Fashion Fever-1 (ဒီဇိုင်နာခင်စန်းဝင်း၏ သတို့သမီးဝတ်စုံနှင့် ပွဲတက်ဝတ်စုံဖက်ရှင်ပြပွဲ) |
| ၁၁း၃၀ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားကကူးမယ်) |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | 'အင်း'ငွေပန်းထိမ်ရဲ့ အငွေ့အသက် |
| ၁၂း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၁၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း(အပိုင်း-၁) |
| ၁၂း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၅၀ | အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စက်မှုဒီဇိုင်း) (ဒေါက်တာမိုးမိုးသွယ်) |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo၊ |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇း၀၀နာရီမှ မွန်းလွဲ ၁း၀၀ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁း၀၀ နာရီမှ ည ၇း၀၀ နာရီအထိ တစ်ကြိမ်၊ ည ၇း၀၀ နာရီမှ နံနက် ၀၁း၀၀နာရီအထိ တစ်ကြိမ်၊ နံနက် ၀၁း၀၀နာရီမှ နံနက် ၇း၀၀နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## အီရတ်အခြေအနေ ပိုမိုဆိုးရွားလာမှု ကန်တို့အရေးနိမ့်မှုကို ဖော်ပြနေခြင်းဖြစ်

ဝါရှင်တန် ဒီဇင်ဘာ ၂၁

**အီရတ်၌ ပြည်တွင်းစစ်ကဲ့သို့သော ဆိုးရွားသည့်အခြေအနေတွင် အမေရိကန်နိုင်ငံအနေဖြင့် ရှုံးနိမ့်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကောလင်းပါဝဲလ်က ပြောကြားလိုက်သည်ဟု ဝါရှင်တန်ပို့စ်က ဒီဇင်ဘာ ၁၈ ရက်၌ ဖော်ပြလိုက်သည်။**

အီရတ်အရေးနှင့်စပ်လျဉ်း၍ မိမိသည် ဂျိမ်းစ်ဘေကာ၊ လီဟာမီလ်တန်တို့၏အကဲဖြတ်ချက်ကို လက်ခံသဘောတူကြောင်းဖြင့်လည်း မစ္စတာ ပါဝဲလ်က အီရတ်လေ့လာရေးအဖွဲ့ ခေါင်းဆောင်များကို ရည်ညွှန်းပြောကြားလိုက်သည်။

**သုံးသပ်**

အီရတ်ပြည်တွင်း အခြေအနေမှာ ဆိုးရွားပြီး ပိုမိုဆိုးရွားလာကြောင်း မိမိတို့အမေရိကန်အနေဖြင့် အောင်မြင်မှုမရှိဘဲ အရေးနိမ့်နေကြောင်း မစ္စတာ ဘေကာနှင့်မစ္စတာ ဟာမီလ်တန်တို့က သုံးသပ်သည်။

**တိုက်တွန်း**

အမေရိကန် နိုင်ငံအနေဖြင့် အီရတ်ဆိုင်ရာ မဟာဗျူဟာသစ်တစ်ရပ် ချမှတ်ကျင့်သုံးရန်လည်း မစ္စတာ ပါဝဲလ်က တိုက်တွန်းလိုက်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ အကောင်းဆုံးအင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းစိုးဇော်ညားအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းသိန်းဇော်ညိုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းစိုးဇော်ညားအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်နှင့် တပ်မတော်အတွက် ကိုယ်ပိုင်ဆန်းသစ်တီထွင်မှုများ ဖော်ဆောင်နိုင်အောင်ကြိုးပမ်း တပ်မတော်၏ဂုဏ်ရောင် ထွန်းပြောင်သည်ထက် ထွန်းပြောင်အောင် သန္နိဋ္ဌာန်စိတ်ဖြင့်ဆောင်ရွက်

■ ရှေ့ဖုံးမှ

**ရဲဘော်တို့-**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ကို စစ်ပညာဘာသာရပ်များနဲ့ နည်းပညာဘာသာရပ်အသီးသီးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်တယ်။ ယနေ့ဆိုရင် တပ်မတော်မှာ စစ်ဘက်အင်ဂျင်နီယာခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးအပ်တော့မှာ ဖြစ်တယ်။ ရဲဘော်တို့ဟာ စစ်ဘက်တာဝန်အရ **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီတပ်မတော်** တည်ဆောက်ရေးမှာလည်းကောင်း၊ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်** တည်ဆောက်ရေးမှာလည်းကောင်း ပါဝင်ထမ်းဆောင်ကြရမှာဖြစ်တယ်။ ဒါကြောင့် စစ်ရေးမှာထူးချွန်ပြီး နည်းပညာဆိုင်ရာထက်မြက်တဲ့ တပ်မတော်သား အင်ဂျင်နီယာတွေဖြစ်လာအောင် ဆက်လက်ကြိုးပမ်းသွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

ခေတ်သစ်မှာ နည်းပညာအသာစီးရသူတွေက ကမ္ဘာကို စိုးမိုးခြယ်လှယ်ဖို့ ကြိုးပမ်းလျက် ရှိကြတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံကဆိုရင် အာကာသကို စစ်ရေးအရ တစ်ဦးတည်း မူပိုင်သုံးနိုင်ဖို့ပင် ကြိုးပမ်းလာကြောင်း တွေ့ရတယ်။ သူ့နိုင်ငံရဲ့အကျိုးစီးပွားကို ရန်လိုတယ်လို့ယူဆရတဲ့ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုရဲ့ အာကာသအသုံးပြုမှုကို တားဆီးပိုင်ခွင့်ရှိစေရမယ်လို့ တစ်ဖက်သတ် နိုင်ထက်စီးနင်းမူဝါဒကို ထုတ်ပြန်ကြေညာလျက်ရှိတယ်။

**ရဲဘော်တို့-**

ဒို့နိုင်ငံဟာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို စွဲစွဲမြဲမြဲကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံတိုင်းနဲ့ မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိတယ်။ သို့သော်လဲ ဒို့နိုင်ငံနဲ့ ဒို့နိုင်ငံသားတွေကို အကြွင်းမဲ့ ကာကွယ်နိုင်ဖို့အတွက် **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်** တစ်ရပ်ဟာ မရှိမဖြစ် လိုအပ်တယ်။ နိုင်ငံတော်ကာကွယ်ရေးနဲ့ ပတ်သက်လာရင် ပြည်ပအမှီအခိုကင်းရေးအတွက် မဖြစ်မနေကြိုးပမ်းကြရမယ်။ ရဲဘော်တို့ဟာ ခေတ်မီတပ်မတော်တည်ဆောက်ရာမှာ စစ်ဘက်သိပ္ပံနဲ့နည်းပညာကို မြှင့်တင်နိုင်မယ့် အတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရမယ်။

**ရဲဘော်တို့-**

နိုင်ငံနဲ့လူမျိုး အခွန့်ရှည်စွာတည်တံ့နိုင်စေရေးအတွက် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအား စတဲ့ စွမ်းအားသုံးရပ်ကို မြှင့်တင်နိုင်ဖို့လိုတယ်။ ဒီလိုမြှင့်တင်ရာမှာ စီးပွားရေးစွမ်းအားဟာ ဗဟိုချက်ကျတယ်။ စီးပွားရေးမြင့်မားမှ နိုင်ငံရေးတည်ငြိမ်နိုင်တဲ့နည်းတူ ကာကွယ်ရေးစွမ်းအားကိုလဲ မြှင့်တင်နိုင်မှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကိုတည်ဆောက်ရာမှာ နိုင်ငံတော်ရဲ့ စီးပွားရေးစွမ်းအားမြင့်မားရေးအတွက်လဲ သိပ္ပံနဲ့နည်းပညာကဏ္ဍကနေ ဝိုင်းဝန်းထမ်းဆောင်ကြရမှာဖြစ်တယ်။

**ရဲဘော်တို့-**

ဒို့နိုင်ငံဟာ သိပ္ပံနဲ့နည်းပညာပိုင်းဆိုင်ရာမှာ ခေတ်နောက်ကျခဲ့တယ်။ ယခုအခါ သိပ္ပံနဲ့နည်းပညာပိုင်းမှာ တစ်မျိုးသားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စွမ်းရည်မြင့်မားလာစေဖို့အတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံသားတိုင်းဟာ ကိုယ့်ဒေသမှာတင် အဆင့်မြင့်ပညာရပ်တွေကို ဆည်းပူးနိုင်အောင် စီမံထားရှိပြီးဖြစ်တယ်။

ဒါ့အပြင် သိပ္ပံနဲ့နည်းပညာမြင့်မားတဲ့ လူသားအရင်းအမြစ်ရရှိရေးအတွက် သိပ္ပံပညာထူးချွန်တံဆိပ်၊ နည်းပညာထူးချွန်တံဆိပ်တွေချီးမြှင့်နိုင်ဖို့လဲ ပြဋ္ဌာန်းပေးထားပြီးဖြစ်တယ်။ သက်ဆိုင်ရာပညာရပ်တွေနဲ့ ရှေ့ဆောင်ရှေ့ရွက်ပြုပြီး အများအကျိုးကို ထူးထူးချွန်ချွန်ဆောင်ရွက်နိုင်သူတွေ၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူတွေ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသူတွေကို ဂုဏ်ထူးဆောင်တံဆိပ်တွေ ချီးမြှင့် အပ်နှင်းလျက်ရှိတယ်။

**ရဲဘော်တို့-**

ဒို့နိုင်ငံသမိုင်းမှာ ကနောင်မင်းသားကြီးဟာ စက်မှုနိုင်ငံ ထူထောင်ဖို့ အင်တိုက်အားတိုက် ကြိုးပမ်းခဲ့တယ်။ ပြည်ပကို ပညာတော်သင်တွေစေလွှတ်ပြီး ပညာရည်မြှင့်တင်ခဲ့တဲ့အတွက် ဒို့ရဲ့ စက်မှုလုပ်ငန်းဟာ အဆင့်အတန်းမီခဲ့ကြောင်း တွေ့ရတယ်။

သို့သော်လဲ ပဒေသရာဇ်စနစ်ဆိုးကြောင့် ကနောင်မင်းသားကြီး ကွယ်လွန်ခဲ့ရတဲ့အပြင် စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုကို အားမပေးခဲ့တဲ့အတွက်လဲ နယ်ချဲ့လက်အောက်ကို ကျရောက်ခဲ့ရတာဖြစ်တယ်။ ရရှိပြီးတဲ့ စက်မှုပညာတွေဟာလဲ နယ်ချဲ့ရဲ့ဖျက်ဆီးမှုကို ခံခဲ့ရတယ်။ ယခုခေတ်မှာ စက်မှုလုပ်ငန်းမြှင့်တင်ဖို့လိုအပ်တာကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ကိုယ်ပိုင်ဆန်းသစ်တီထွင်မှုတွေကို ဖော်ဆောင်နိုင်အောင် ကြိုးပမ်းကြရမယ်။

**ရဲဘော်တို့-**

ဒို့တပ်မတော်ရဲ့အဓိကတာဝန်ကြီး(၃)ရပ်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ပဲ ဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်စုတစ်စုကိုဦးဆောင်ပြီး ခြေလျင်တပ်နည်းတူ တိုက်ပွဲဝင်နိုင်ရမှာဖြစ်တယ်။ စစ်ဘက်တာဝန်ဆိုတာ အသက်ကိုပင်စွန့်လွှတ်ဖို့ အဓိဋ္ဌာန်ပြုပြီးမှ ထမ်းဆောင်နိုင်တဲ့တာဝန်မျိုး ဖြစ်တယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်ရှိခြင်း၊ စွန့်လွှတ်စွန့်စားရဲခြင်း၊ သတ္တိဗျတ္တိရှိခြင်းတို့ဟာ တပ်မတော်သားကောင်းတို့ရဲ့ ဂုဏ်အင်္ဂါလက္ခဏာတွေပဲ ဖြစ်တယ်။

ရဲဘော်တို့ဟာ ခေါင်းဆောင်ငယ်များဖြစ်တဲ့အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့လဲ ပြည့်စုံကြရမယ်။ ဒါ့အပြင် တပ်ဖွဲ့ဝင်များက ယုံကြည်အားထား လေးစားခြင်းကိုခံရတဲ့ ခေါင်းဆောင်ဘဝကိုရရှိအောင် ကြိုးပမ်းကြရမှာဖြစ်တယ်။

ခေါင်းဆောင်တစ်ယောက်ဟာ စစ်မှန်တဲ့ အရည်အချင်းရှိမှသာ ခိုင်မြဲတဲ့နောက်လိုက်တွေကို ရနိုင်တာဖြစ်တယ်။ ဒါကြောင့် တဒင်္ဂလူကြိုက်များမှုကို မပြုဘဲ ရေရှည်အကျိုးစီးပွား အစစ်အမှန်ကိုသာ ဦးတည်ချက်ထားရမယ်။ သာမန်ထက်မြင့်အောင် ဖြည့်ဆည်းနိုင်မှ သာမန်လူတွေကို ခေါင်းဆောင်နိုင်မှာဖြစ်ပြီး အရည်အချင်းမြင့်မားသူတွေထက် ထူးထူးကဲကဲ ဂုဏ်သတ္တိရှိမှသာ စံပြုလောက်တဲ့ခေါင်းဆောင် ဖြစ်လာလိမ့်မယ်။

**ရဲဘော်တို့-**

နိဂုံးအားဖြင့်ပြောကြားရရင် ဒို့တပ်မတော်ဟာ မွန်မြတ်တဲ့အစဉ်အလာ(၁၂)ရပ်နဲ့ ပြည့်စုံတဲ့ တပ်မတော်ဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းဖော်ဆောင်ကြရမယ့် မျိုးဆက်သစ်တွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ တပ်မတော်ရဲ့ ဂုဏ်ရောင်ကို ထွန်းပြောင်သည်ထက် ထွန်းပြောင်အောင် သန္နိဋ္ဌာန်စိတ်နဲ့ ဆောင်ရွက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

**နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာရှိခြင်း၊ မျိုးချစ်စိတ်ဓာတ် ရှိခြင်း၊ စွန့်လွှတ် စွန့်စားရဲခြင်း၊ သတ္တိ ဗျတ္တိ ရှိခြင်းတို့ဟာ တပ်မတော်သားကောင်းတို့ရဲ့ ဂုဏ်အင်္ဂါလက္ခဏာတွေပဲဖြစ်၏။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီးလည်ပတ်ရန် ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

## တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D Samarasekera တို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

## အပြန်အလှန်ပေးအပ်

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒရာဇပက်ရှ ဝစ်ခရမ်မာနာရာကာက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။ **(သတင်းစဉ်)**

## တည်ခင်းဧည့်ခံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ် မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)



# သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၂၁

**ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ရှိ ဒဂုံခန်းမ၌ တွေ့ဆုံကြသည်။**

## တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အတူ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးကျော်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D Samarasekera နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာနှင့် အဖွဲ့ဝင်များအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်သို့ သွားရောက်၍ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ပြန်လည်ထွက်ခွာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အလုပ်သဘော ခရီးလည်ပတ်ခဲ့သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာသည်မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြန်လည်မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမ၌ ဧည့်သည်တော် ဝန်ကြီးချုပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက ခရီးစဉ်မှတ်တမ်း ဗွီစီဒီခွေကို လက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။

## ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒရာဇပက်ရှ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera နှင့် ဇနီးနှင့်တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

**ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက်ရှ ဝစ်ခရမ်မာနာရာကာနှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)



# The Live News ဂျာနယ် အမှတ်(၁၆)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ချင်းတွင်းမြစ်ကမ်း မုံရွာ–ခန္တီးခရီးလမ်းမှ ဘဝပန်းချီကားချပ်များ၊ မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ၊ ရုပ်ရှင်၊ ဗီဒီယိုသမားများမျက်စိကျနေတဲ့ ကန္တလီကျေးရွာက အလှရှုခင်း၊ ပါးချိုင့်အလှပိုင်ရှင်များ ပြိုင်ပွဲဝင်လို့ရပြီ၊ ဗြိတိန်မှ ကြမ္မာငင်ညှဉ့်ငှက်များ၊ စားစရာမရှိ သေစရာရှိနေသည့် အီရတ်၊ ဖိလစ်ပိုင်က အမေရိကန် မရိန်းတပ်သားထောင်အနှစ် ၄၀ အပြစ်ဒဏ်ချမှတ်ခံရ၊ လေဒီဒိုင်ယာနာ၏ မပြီးသေးသော ပန်းချီကားတစ်ချပ်၊ အလွယ်ခေတ်မှာ လွယ်လွယ်နှင့်မဖြစ်နိုင်သောအရာ၊ ကမ္ဘာ့လောင်စာဆီ ထုတ်လုပ်မှုနှင့် အလားအလာ(အိန္ဒိယ အတွေ့အကြုံ)၊ ကရဝိက်ငှက်မင်းသာယာခြင်း၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ မင်းနန္ဒကျော်၊ လေ့လာသူတစ်ဦး၊ သျှိ(အင်ကြင်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသားတင်ဆက်ထားသည်။

The Live News ဂျာနယ်အပြင် ရွှေပြည်စိုးစာပေတိုက်မှ မကြာမီထုတ်ဝေဖြန့်ချိမည့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများသည် အမှတ်၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လေးမျက်နှာမြို့နယ် အိုင်သပြုအထက မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရောဝတီတိုင်း လေးမျက်နှာမြို့နယ် အိုင်သပြု အထကတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၅ရက် (သောကြာနေ့)၌ အိုင်သပြုအထကတွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးအောင်ကျော်မင်း(အိုင်သပြု အထက)၊ ဒေါ်သန်းသန်းဦး ဖုန်း–၀၁–၃၇၈၃၁၀ (အထက–၁၊လသာ)၊ ဦးအုန်းလွင်–ဒေါ်လှလှဝေ ဖုန်း–၀၁–၅၁၂၂၇၂၊ ကိုအောင်သူ–မမေလွင်ဦး ဖုန်း–၀၁–၆၈၁၄၂၄၊ ၀၉–၅၁၀၄၀၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။**

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် “ဝ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော တိုင်းရင်း သားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်း ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်း သားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြ သည့် ကချင်ပြည်နယ်၊ ကယားပြည် နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည် နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် များ၊ တောင်သူလယ်သမားကိုယ်စား လှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည် နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီ တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေး တိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း တို့မှ တောင်သူလယ်သမား ကိုယ်စား လှယ်များ၊ အလုပ်သမားကိုယ်စားလှယ် များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည် နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီ တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေး တိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း တို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ် စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ် စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည် သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရား ရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စား လှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြား ထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည် နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူး ဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ရှမ်းပြည်နယ် (မြောက် ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင် ပြည်နယ် အထူးဒေသ(၁)၊ ကချင် ပြည်နယ် အထူးဒေသ(၂)၊ ကယား ပြည်နယ် အထူးဒေသ(၁)၊ ကယားပြည် နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး) အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ(KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ပဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ ကြသည့် ကရင်ပြည်နယ် ဘားအံမြို့ နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာ ပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ် အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာ ချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့ စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်း ရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်နိုင် စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြ သည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေး မစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ် ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စား လှယ်များ၊ တောင်သူလယ်သမားကိုယ် စားလှယ်များ၊ အလုပ်သမားကိုယ်စား လှယ်များ၊ အသိပညာရှင်၊ အတတ် ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင် ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး ကြသည်။

## သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်း အဝေးတွင်သဘာပတိအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က ဆောင် ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်း သားလူမျိုးကိုယ်စားလှယ်များ အစု အဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ် များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ် သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစု အဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြား သင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင် ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေးတွင် အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်း အဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေး သို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံ ကိုယ်စားလှယ် ၁၀၆၃ဦးတို့ တက် ရောက်ကြသည့်အတွက် ရာခိုင်နှုန်း အားဖြင့် ၉၈ဒသမ၄၃ ရှိ၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေး အထ မြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြု ချက်အရ အမျိုးသားညီလာခံ စုံညီ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင် မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင် ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်း အမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်း ချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်း ချက်များအခန်းတို့အတွက် ချမှတ်သင့် သည့် အသေးစိတ်အခြေခံရမည့်မူများ နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင် သော တိုင်းရင်းသားစည်းလုံးညီညွတ် ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုး သားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့် ဒီမို ကရက်တစ်ပါတီနှင့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့တို့မှ အကြံ ပြုချက်စာတမ်းများကို ကိုယ်စားလှယ် များက ဖတ်ကြားတင်ပြကြရာ ရှေးဦး စွာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၏ အကြံပြုချက် စာတမ်းကို ယင်းပါတီမှ ကိုယ်စားလှယ်ဦးထွန်းရီက ဖတ်ကြားတင်ပြသည်။

**(ဦးထွန်းရီ ဖတ်ကြားတင်ပြ သည့် တိုင်းရင်းသားစည်းလုံးညီညွတ် ရေးပါတီ၏ အကြံပြုချက်စာတမ်းကို သီးခြားဖော်ပြထားပါသည်။ )**

ဆက်လက်၍ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၏ အကြံပြုချက် စာတမ်းကို ယင်းအဖွဲ့ချုပ်မှကိုယ်စား လှယ်ဦးခွန်စိန်ဝင်းက ဖတ်ကြားတင်ပြ သည်။

**(ဦးခွန်စိန်ဝင်း ဖတ်ကြား တင်ပြ သည့် ပြည်ထောင်စုပအိုဝ်း အမျိုးသား အဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ တွင် ခေတ္တရပ်နားသည်။

## ပြန်လည်ကျင်းပ

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ ရှေးဦး စွာ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ် ပါတီ၏ အကြံပြုချက်စာတမ်းကို ယင်း ပါတီမှ ကိုယ်စားလှယ် ဦးခေါင်ဒိုင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် မြို(ခေါ်)ခမိ အမျိုး သားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက် စာတမ်းကို ယင်းအဖွဲ့မှ ကိုယ်စားလှယ် ဦးမောင်ပိန်(ခေါ်) ဦးခင်မောင်သိဏ်း က ဖတ်ကြားတင်ပြသည်။

**[ဦးခေါင်ဒိုင် ဖတ်ကြားတင်ပြ သည့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ် ပါတီ၏ အကြံပြုချက်စာတမ်းနှင့် ဦးမောင်ပိန်(ခေါ်) ဦးခင်မောင်သိဏ်း ဖတ်ကြားတင်ပြသည့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံ ပြုချက်စာတမ်းတို့ကို ဆက်လက် ဖော်ပြသွားပါမည်။]**

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ တွင် ရပ်နားသည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို ဒီဇင်ဘာ ၂၂ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။**

(သတင်းစဉ်)

# ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီနှင့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ အကြံပြုချက်စာတမ်းနှင့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းတို့ကို ဆက်လက်ဖော်ပြသွားမည် ဖြစ်သည်။**

(သတင်းစဉ်)

# ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်




ရန်ကုန် ဒီဇင်ဘာ ၂၁

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၁ရက် (ယနေ့)တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးထွန်းရီ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နှင့် ၁၃ ရက်များတွင် ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဆိုပါ ရှင်းလင်းပြောကြားချက်များတွင် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြရန်နှင့် အခြားကောင်းမွန်သည့် အကြံပြုချက်များရှိပါကလည်း ဆွေးနွေးအကြံပြုကြရန် ပြောကြားခဲ့ပါတယ်။

ယင်းသို့ ပြောကြားချက်အရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဤစာတမ်းကို တင်ပြခြင်းဖြစ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို လေ့လာရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် (၄)ချက်၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် (၅)ချက်၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် (၈)ချက်နှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် (၂၆)ချက်တို့အား တင်ပြထားကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်း၍ ရှေးဦးစွာ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုပါအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် စုစည်းတင်ပြချက်အပိုဒ် ၁ တွင် **"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်–**

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ"**

ဟူ၍ ပါရှိပါတယ်။

ဖော်ပြပါအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြင်ဆင်လိုသည့် အချက်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်တင်ပြထားခြင်း ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက်အပိုဒ် ၂ တွင် **"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်"** ဟူ၍ ပါရှိပါတယ်။

ဥပဒေများကို လွှတ်တော်များကသာ ပြဋ္ဌာန်းခွင့်ရှိသည့်အပြင် ပြည်ထောင်စုလွှတ်တော်မှာ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်နှစ်ရပ်လုံးမှ ကိုယ်စားလှယ်များ အကျုံးဝင်ပါရှိပြီး ဖြစ်သဖြင့် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းစေခြင်းမှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၃ တွင် **"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်"** ဟူသော အချက်မှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၄ တွင်–

**"(က) ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

**(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြား ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်**



**ဖတ်ကြား တင်ပြ**

**တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ပါတီမှ ဦးထွန်းရီ တိုင်း ရင်း သား စည်းလုံးညီညွတ် ရေး ပါတီ ၏ အ ကြံ ပြု ချက် စာတမ်းကို ဖတ် ကြား တင်ပြစဉ်။** (သတင်းစဉ်)

**အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

**(ဂ) အပိုဒ်(က)ပါ အခန်းများနှင့်သက်ဆိုင် အကျုံးဝင်မည့်ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အခါ ထည့်သွင်း ပြဋ္ဌာန်းရမည်"**

ဟူ၍ ပါရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးနောက် အခြေအနေနှင့် အချိန်ကာလအလျောက် ပြင်ဆင်ရန် လိုအပ်လာခြင်းများ ရှိလာနိုင်သည့်အလျောက်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရပ်ကို ပြင်ဆင်ခွင့်ပြုထားခြင်းမှာ လျော်ကန်သင့်မြတ်ပါတယ်။ အခြေခံဥပဒေကို အလွယ်တကူ ပြင်ဆင်ခွင့်ပြုထားမည်ဆိုပါကလည်း ရေရှည်တည်တံ့ ခိုင်မြဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ရပ်တည်ရန် အခက်အခဲများရှိလာနိုင်မည် ဖြစ်ပါတယ်။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက်များတွင် ပါရှိသည့်အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြေအနေအရ ပြင်ဆင်ရန် လိုအပ်ပါကပြင်ဆင်နိုင်ခွင့် ရှိစေရန်နှင့် ထိုကဲ့သို့ပြင်ဆင်ရာ၌လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်မှုမရှိစေရန် ဦးတည်ရည်မှန်းထားကြောင်း လေ့လာတွေ့ရှိရပါသဖြင့် စုစည်းတင်ပြချက်အပိုဒ် ၄နှင့်စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

"နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း" အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြပါမယ်။ နိုင်ငံတော်အလံနှင့်စပ်လျဉ်းသည့် စုစည်းတင်ပြချက်တွင်–

**"(၁) နိုင်ငံတော်အလံကို အောက်ပါအတိုင်းသတ်မှတ်ရမည်–**
**နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက်အချိုးညီစွာ ဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**

**(၂) နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်"**

ဟူ၍ပါရှိပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်အလံတွင် ပါရှိမည့် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်များ၏ အဓိပ္ပာယ်သက်ရောက်မှုများကို ဖော်ညွှန်းခြင်းများပြုလုပ်ခဲ့သည့်အပြင် အဆိုပါအရောင်သုံးမျိုးသည် မိမိတို့နိုင်ငံ၏ သဘာဝအခြေအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်တဲ့အတွက် အဲဒီအရောင်သုံးမျိုးကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီမျှစွာ ဖော်ပြသင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့မျှမက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်၏နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရဟူ၍ ချမှတ်ထားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားအားလုံး ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာ နေထိုင်ကြသည့်အလျောက် ပြည်ထောင်စုနိုင်ငံတော်ကို ကိုယ်စားပြုသည့် ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် နိုင်ငံတော်အလံတွင် ဖော်ပြသင့်ကြောင်းကိုလည်း ရှင်းလင်းတင်ပြခဲ့ပါတယ်။

နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များမှာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ဆီလျော်ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်အလံနှင့် စပ်လျဉ်းသည့် စုစည်းတင်ပြချက် အပိုဒ် ၁ မှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့်အချက်တွေ၊ ရှောင်ကြဉ်ရမယ့်အချက်တွေနဲ့ အဲဒီလိုရှောင်ကြဉ်ရမယ့်အချက်၊ လိုက်နာရမယ့်အချက်စတာတွေကို ဖောက်ဖျက်ကျူးလွန်လျှင် ချမှတ်ခံရမယ့် ပြစ်ဒဏ်များနဲ့စပ်လျဉ်းပြီး ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေ ပြဋ္ဌာန်းထားလေ့ရှိတာကို လေ့လာတွေ့ရှိရတဲ့အလျောက် စုစည်းတင်ပြချက် အပိုဒ် ၂ မှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏မြေပုံကို ထည့်သွင်းထားရှိ၍ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်"**ဆိုတဲ့ စာသားကို ထည့်သွင်းရေး၊ မိမိတို့ နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်တို့ကို ပြည်သူ့အားနဲ့ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ပါရှိရေးနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်များမှာ အစဉ်အလာ အသုံးပြုခဲ့တဲ့ မြန်မာမှုလက်ရာ ကေသရာဇာခြင်္သေ့ပုံနဲ့ မြန်မာ့ရိုးရာကနုတ်ပန်းဖြင့် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်တို့ကို ခြယ်မှုန်းရေးတို့နဲ့ စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံ တင်ပြထားတာကို တွေ့ရှိရပါတယ်။

နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်နှင့်ဆိုင်တဲ့ ဥပဒေကို ပြဋ္ဌာန်းတဲ့အခါ သက်ဆိုင်ရာ နိုင်ငံရဲ့ သမိုင်းကြောင်း၊ နိုင်ငံရဲ့ ယဉ်ကျေးမှု၊ နိုင်ငံနဲ့ လူမျိုးရဲ့ ထုံးတမ်းစဉ်လာများကို ထင်ဟပ်ဖော်ပြထားလေ့ရှိတဲ့အလျောက်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကတင်ပြတဲ့ နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို ဖော်ပြပြီး "နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်"ဟူသောအချက်မှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတော်သီချင်းများကို သတ်မှတ်ပြဋ္ဌာန်းထားပြီး ယင်းသို့ ပြဋ္ဌာန်းရာ၌လည်း လွှတ်တော်များက ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းလေ့ရှိကြကြောင်း တွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံ၌ လက်ရှိနိုင်ငံတော်သီချင်းကို အသုံးပြုခဲ့သည်မှာ ရာစုနှစ် ထက်ဝက်ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ ထို့အပြင် အဆိုပါ နိုင်ငံတော်သီချင်းမှာ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရား ပိုမိုထွန်းကားရေးဆိုတဲ့ အခြေခံမူများနှင့်ညီညွတ်သဖြင့် နိုင်ငံတော်သီချင်းအတွက် အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရာမှာ "နိုင်ငံတော်သီချင်းအဖြစ် လက်ရှိ နိုင်ငံတော်သီချင်းကို သတ်မှတ်သည်"ဟူသောအချက်မှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိကြတာ တွေ့ရကြောင်း၊ နိုင်ငံတိုင်းမှာ ဗဟိုအစိုးရရဲ့ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်လေ့ရှိကြောင်း၊ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများမှာ နေပြည်တော်တွင် ရုံးစိုက်လျက် နိုင်ငံတော်၏ လုပ်ငန်းတာဝန်အဝဝတို့ကို ဆောင်ရွက်လျက်ရှိကြတဲ့အတွက် **"နေပြည်တော်သည် နိုင်ငံတော်၏မြို့တော် ဖြစ်သည်"**ဟူသော အဆိုပြုချက်နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းသည် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနှင့် မြို့တော်များကို သတ်မှတ်ထားလေ့ရှိသည့် အားလျော်စွာ ပြည်ထောင်စုမြန်မာနိုင်ငံ၌လည်း မရှိမဖြစ်လိုအပ်ချက်များ ဖြစ်သည့်အလျောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် "နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း"အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများမှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေး တင်ပြပါ့မယ်။

စုစည်းတင်ပြချက်အပိုဒ် ၁ တွင်–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်"**

ဟူသောအချက်မှာ လျော်ကန်သင့်မြတ်ပါတယ်။ ထို့အပြင် စုစည်းတင်ပြချက် အပိုဒ် ၂တွင် ပါရှိသည့်–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်"**

ဟူသောအချက်မှာလည်း လုပ်ငန်းစဉ်ဆက်မပြတ်စေရေးကို ရည်ရွယ်ထားခြင်း ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၃ တွင်ပါရှိသည့်–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရသည်"**

ဟူသော အချက်နှင့် စုစည်းတင်ပြချက် အပိုဒ် ၄ တွင် ဖော်ပြပါရှိသည့်–

**"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့်ရပိုင်ခွင့်များကိုဆက်ခံသည်"**

ဟူသောအချက်များမှာ ကူးပြောင်းရေးကာလတွင် မလွဲမသွေဆောင်ရွက်ရမည့် လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ *စာမျက်နှာ ၇ ကော်လံ ၁*

22-12 (06) 1 12/22/06, 2:21 AM

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်

စာမျက်နှာ ၆ မှ

ဆောင်ရွက်နိုင်စေရေးကို ဦးတည်ထားကြောင်း တွေ့ရှိရသဖြင့် ထပ်မံဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက်အပိုဒ် ၅ တွင် ပါရှိသည့်-

**“တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”**

ဟူသောအချက်နှင့် စုစည်းတင်ပြချက်အပိုဒ် ၆ တွင် ပါရှိသည့်-

**“တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်း ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”**

ဟူသောအချက်များနှင့်စပ်လျဉ်း၍လည်း ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၇ တွင်-

**“ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်၊ အဆိုပါတရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော် အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်”**

ဟူသောအချက်မှ တရားစီရင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရေးနှင့် ဥပဒေ၏နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုများမရှိစေရေးကို ဦးတည်ထားသဖြင့် လျော်ကန်သင့်မြတ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက်အပိုဒ် ၈ တွင်-

**“ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိစေရမည်”**

ဟူသောအချက်မှာ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်၏တာဝန်များကို လုံခြုံစိတ်ချစွာ ထမ်းဆောင်နိုင်ခွင့်များရရှိစေရေးအတွက် အာမခံမှုများပြုလုပ်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ ထိုကဲ့သို့ မပြဋ္ဌာန်းမီကာလက တည်ရှိခဲ့သည့် အခြေအနေနှင့် ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာသည့် အခြေအနေများသည် တစ်ခုနှင့်တစ်ခု တူညီကြမည်မဟုတ်ဘဲ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးသို့ ကူးပြောင်းကြရခြင်းဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့ အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေးအဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ရာ အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာများ စဉ်ဆက်မပြတ်တည်ရှိနေစေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်တာဝန်ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ်တည်ရှိနေစေဖို့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအဖြစ် အသေးစိတ်အခြေခံမူများချမှတ်ရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ အဆိုပြုချက်များမှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြပါမယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဖြစ်သည့်အလျောက် စုစည်းတင်ပြချက်အပိုဒ် ၁ တွင် ပါရှိသည့် “ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်”ဟူသောအချက်မှာ လျော်ကန်သင့်မြတ်ပါတယ်။

အမျိုးသားညီလာခံကြီးက အခြေခံမူအဖြစ်ချမှတ်ထားပြီးဖြစ်သည့် “မြန်မာစာသည် ရုံးသုံးစာဖြစ်သည်”ဟူသောအချက်ကို စုစည်းတင်ပြချက်အပိုဒ် ၂ အဖြစ်လည်းကောင်း၊ “နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်”ဟူသော အချက်ကို စုစည်းတင်ပြချက်အပိုဒ် ၃ အဖြစ်လည်းကောင်း အထွေထွေပြဋ္ဌာန်းချက်များဆိုင်ရာအခန်းမှာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြရန်ဟူသော လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်မှာလည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက်အပိုဒ် ၄ ၌ပါရှိသည့် “ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ မြန်မာစာဖြင့်ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်”ဟူသော အချက်၊ စုစည်းတင်ပြချက် အပိုဒ် ၅ တွင် ပါရှိသည့် “ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်”ဟူသော အချက်၊ စုစည်းတင်ပြချက်အပိုဒ် ၆ တွင် ပါရှိသည့် “ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာတည်စေရမည်”ဟူသော အချက်များမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆက်နွယ်ဆောင်ရွက်ရာတွင် ဝိဝါဒကွဲပြားမှုမရှိစေဘဲ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရေးကို ရည်ရွယ်ထားသည့်အပြင် အမှန်တကယ် လိုအပ်ချက်များဖြစ်သဖြင့် ထပ်မံဖြည့်စွက်ဆွေးနွေးရန် မရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်ဖော်ဆောင်လျက်ရှိသည့်အပြင် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လိုအပ်ပါတယ်။ စုစည်းတင်ပြချက် အပိုဒ် ၇ ၌ ပါရှိသည့် အချက်များမှာ နိုင်ငံတော်အနေဖြင့် အခြားအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များဖြင့် စီးပွားရေးလုပ်ငန်းများကို ဖက်စပ်လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ်၈၌ပါရှိသည့် “ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီက အခြားနိုင်ငံများနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်များ၊ သဘောတူညီချက်များကို လိုက်နာဆောင်ရွက်ရေး”နှင့် စပ်လျဉ်းသည့် အချက်များမှာ နိုင်ငံအချင်းချင်းဆက်ဆံရေးမူများအရ လိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်ပါတယ်။ ဒါ့အပြင် စုစည်းတင်ပြချက်အပိုဒ် ၉ ၌ပါရှိသော “ပြည်ထောင်စုအစိုးရအား တရားစွဲဆိုနိုင်မှုနှင့် တရားစွဲဆိုခံနိုင်မှု”တို့သည် နိုင်ငံတော်၏တာဝန်ရှိမှုနှင့် တာဝန်ခံမှုတို့ကို ပေါ်လွင်စေသဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွက် များစွာအရေးပါသည့်အလျောက် စုစည်းတင်ပြချက် အပိုဒ် ၁၀ ၌ပါရှိသည့် အခြေခံဥပဒေနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးမှာ လွန်စွာအရေးကြီးပါတယ်။ သို့ဖြစ်ရာ ခုံအဖွဲ့ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းရေး၊ ထိုသို့ဖွဲ့စည်းရာ၌ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဖွဲ့ဝင်သုံးဦးကျစီ ရွေးချယ်ပေးရေးနှင့် အဖွဲ့ဝင်များ၏ အရည်အချင်း သတ်မှတ်ချက်များကို ပြည့်စုံစွာတင်ပြထားသဖြင့် ဖြည့်စွက်ဆွေးနွေးရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက်အပိုဒ်၁၁၊ ၁၂၊ ၁၃နှင့် ၁၄တို့၌ ပါရှိသည့် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များစာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းသတ်မှတ်ချက်နှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်က ငြင်းပယ်ခွင့်မရှိစေရေး၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိပါက နိုင်ငံတော်သမ္မတအနေဖြင့် အမည်စာရင်းအသစ် တင်သွင်းနိုင်ခွင့်ရှိရေးနှင့် သဘောတူညီချက်ရရှိသည့်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးရေးတို့နှင့်စပ်လျဉ်းသည့် အချက်များမှာ ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတော်သမ္မတတို့၏ လုပ်ငန်းတာဝန်များကို ပေါ်လွင်စေပြီး လုပ်ငန်းများချောမောစွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၁၅ တွင် ပါရှိသည့် ခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်ကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီဖြစ်သော်လည်း ခုံရုံးအသစ် ဖွဲ့စည်းပြီးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရန်ဟူသော အချက်များမှာလည်း ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးသည့် အခြားအဖွဲ့အစည်းများအတွက် သတ်မှတ်ချက်များဖြင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် လုပ်ငန်းစဉ်ဆက်မပြတ်စေရေးကို ရည်ရွယ်ထားသဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် စုစည်းတင်ပြချက်အပိုဒ် ၁၆၌ ပါရှိသည့် ခုံရုံးအဖွဲ့ဝင် တစ်ဦးသည် မိမိ၏ မူလလုပ်ငန်းတာဝန်အသီးသီး၌ ဆက်လက်ပါဝင်မှု မရှိစေခြင်းမှာလည်း ခုံအဖွဲ့၏ တာဝန်များကို ဘက်လိုက်မှု မရှိစေဘဲ သမာသမတ်ရှိရှိဖြင့် ကျေပွန်စွာ ဆောင်ရွက်နိုင်စေရေးကို အထောက်အကူ ဖြစ်စေနိုင်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၁၇၌ ပါရှိသည့် ခုံရုံးအဖွဲ့ဝင်အနေဖြင့် နိုင်ငံတော်သမ္မတထံ စာတင်၍ ရာထူးမှ နုတ်ထွက်နိုင်မှုနှင့် စုစည်းတင်ပြချက် အပိုဒ် ၁၈၌ ပါရှိသည့် လစ်လပ်သည့် နေရာများတွင် နိုင်ငံတော်သမ္မတအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ခန့်အပ် တာဝန်ပေးအပ်နိုင်မှုတို့နှင့် စပ်လျဉ်း၍လည်း ဖြည့်စွက်ဆွေးနွေးရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက် အပိုဒ် ၁၉၌ ပါရှိသည့် ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအား စွပ်စွဲ ပြစ်တင်နိုင်သည့် အချက်များနှင့် ဆောင်ရွက်ရန် နည်းလမ်းများမှာ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးသည့် အခြားအဖွဲ့အစည်းများအတွက် လိုက်နာရန် သတ်မှတ်ချက်နှင့်နည်းလမ်းများဖြင့် လိုက်လျောညီထွေ ရှိသဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၂၀ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များကိုလည်း ပြည့်စုံစွာတင်ပြထားကြောင်း တွေ့ရှိရသဖြင့် ထပ်မံဖြည့်စွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

စုစည်းတင်ပြချက်အပိုဒ် ၂၁ တွင်ပါရှိသည့် တရားရုံးတစ်ရုံးသည် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုရှိမရှိကို အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြအဆုံးအဖြတ်ရယူရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရေးနဲ့ စုစည်းတင်ပြချက်အပိုဒ် ၂၂၌ ပါရှိသည့် “ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်” ဟူသော အချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို ပေါ်လွင်စေပြီး ထိရောက်စွာ ဆောင်ရွက်နိုင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန်ကိစ္စများကို စုစည်းတင်ပြချက်အပိုဒ် ၂၃ ၌ ပါရှိသည့် တိုက်ရိုက်တင်ပြနိုင်ခွင့်ရှိသူများနှင့် အပိုဒ် ၂၄ တွင်ပါရှိသည့် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တင်သွင်းခွင့်ရှိသည့် ပုဂ္ဂိုလ်များ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင်စုစည်းတင်ပြချက်အပိုဒ် ၂၅ တွင် ပါရှိသည့်“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးရမည်”ဟူသောအချက်နှင့် ယင်းသို့ပြဋ္ဌာန်းသည့်အခါ မိုငြိမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့်သတ်မှတ်ပြီး ခုံရုံးအဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်သည်ဟူသော စုစည်းတင်ပြချက် အပိုဒ် ၂၆ ၌ ပါရှိသည့်အချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးရန် မရှိကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို ကမ္ဘာ့နိုင်ငံအချို့၏ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာ လေ့လာစိစစ်ပြီး အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားသည့် ဦးတည်ချက်များနှင့် အခြေခံမူများဘောင်အတွင်း ပြည့်စုံစွာတင်ပြထားကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ရာ ဖော်ပြပါအခန်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့်အချက်များဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့်စပ်လျဉ်းပြီး ဦးတည်ချက်များ၊ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများချမှတ်နိုင်ရေးနှင့် အမျိုးသားညီလာခံကြီးအောင်မြင်စွာပြီးမြောက်စေရေးအတွက် မိမိတို့တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီအနေနဲ့ အမျိုးသားညီလာခံကြီး စတင်ကျင်းပသည့် အချိန်မှ ယနေ့အထိ စဉ်ဆက်မပြတ် တက်ရောက်ပြီး အခြားသော အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့်အတူ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။

ထိုကဲ့သို့ဆောင်ရွက်နိုင်ခဲ့မှုတို့အတွက် မိမိတို့ပါတီအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ဆက်လက်ဖော်ဆောင်ရမယ့် လုပ်ငန်းတာဝန်များကို ကျရာကဏ္ဍမှ ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင်အောင်မြင်ခဲ့ကြသော စမ်းချောင်းမြို့နယ်မှ ကျောင်းသားကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ပွဲကို နေနတ်သားစာသင်တိုက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌရုံးခန်းမ၌ ဒီဇင်ဘာ ၁၂ရက်က ကျင်းပရာ အဘိဓမ္မာဘာသာရပ်တွင် မြို့နယ်အဆင့် ထူးချွန်ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အလက(၃)မှ မတင်တင်စိုး၊ မချိုချိုစန်းနှင့် မောင်ကောင်းမြတ်တို့အား လက်ထောက်ပညာရေးမှူး ဦးအောင်ချိုသန်းက ဆုများချီးမြှင့်စဉ်။** (၁၂၉)

## ပုဂံညောင်ဦးမြို့နယ်အသင်း( ရန်ကုန် ) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခကျောင်းတိုက် မှန်ကျောင်းရွှေနှင်းဆီဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ကန်တော့ခံရန် အသက်၇၅နှစ်ပြည့်ပြီးသော အဘိုးအဘွား အသင်းဝင် မိသားစုသည်လည်းကောင်း၊ ပညာရည်ချွန်ဆုပေးရန် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည်လည်းကောင်း အထောက်အထား အမှတ်စာရင်းမိတ္တူနှင့်အတူ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား၍ နာယက ဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ၀၉-၅၁-၆၀၈၂၅၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၅၇၉၁၁၈၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း-၀၉-၈၀-၂၂၇၄၄၊ ၅၄၉၉၄၈၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း- ၅၅၉၀၆၆၊ ၀၉-၅၁-၃၂၃၆၉နှင့် တွဲဖက်အတွင်းရေးမှူး ဦးဖိုးချို(ညောင်ဦးဖိုးချို) ဖုန်း-၅၄၅၃၂၃ တို့သို့ပေးပို့ကြပါရန်နှင့် အလှူငွေများထည့်ဝင်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



❐ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်စိုးနိုင်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဦးသောင်း၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဒေါက်တာချမ်းငြိမ်း၊ ဒေါက်တာကျော်မြင့်နှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သိန်းဌေး၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်ဦး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ တပ်မတော်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြုခြင်းခံယူ**

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

**ဗိုလ်လောင်းတပ်ခွဲများစစ်ဆေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

**ဗိုလ်လောင်းတပ်ခွဲများ ချီတက်အလေးပြု**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဗိုလ်လောင်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။**

(သတင်းစဉ်)



ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

**ဆုများချီးမြှင့်**

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉)မှ အကောင်းဆုံးအင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၆၆၄) ဗိုလ်လောင်း



**စစ်ရေးပြအခမ်းအနား တက်ရောက်ကြသူများ**

**တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)





**စစ်ရေးပြအခမ်းအနား တက်ရောက်ကြသူများ**

**တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

စိုးဗညား၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၁၀၆) ဗိုလ်လောင်းသိန်းဇော်ညို၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၆၆၄) ဗိုလ်လောင်းစိုးဗညားတို့အား ဆုများကို အသီးသီးချီးမြှင့်သည်။

**မိန့်ခွန်းပြောကြား**

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို မိန့်ခွန်း ပြောကြားသည်။

**(မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည် ထွက်ခွာသွားသည်။

**အားပေးစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်နည်းပညာ တက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမ ဆောင်၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းနှစ်ဦးနှင့် မိဘ များအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



# နိုင်ငံတော်ရဲ့ စီးပွားရေးစွမ်းအား မြှင့်မားရေး သိပ္ပံနဲ့နည်းပညာကဏ္ဍကနေ ဝိုင်းဝန်းထမ်းဆောင်

❐ နိုင်ငံနဲ့လူမျိုး အဓွန့်ရှည်စွာ တည်တံ့နိုင်စေရေးအတွက် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအား စတဲ့ စွမ်းအားသုံးရပ်ကို မြှင့်တင်နိုင်ဖို့ လိုတယ်။ ဒီလိုမြှင့်တင်ရာမှာ စီးပွားရေးစွမ်းအားသည် ဇာတိုချက်ကျ။

❐ စီးပွားရေးမြင့်မားမှ နိုင်ငံရေးတည်ငြိမ်နိုင်တဲ့နည်းတူ ကာကွယ်ရေးစွမ်းအားကိုလဲ မြှင့်တင်နိုင်မှာဖြစ်။

❐ ဒါကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ နိုင်ငံတော်ရဲ့ စီးပွားရေးစွမ်းအား မြှင့်မားရေးအတွက်လဲ သိပ္ပံနဲ့ နည်းပညာကဏ္ဍကနေ ဝိုင်းဝန်းထမ်းဆောင်ကြရမှာဖြစ်။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁၂–၂၀၀၆ ရက် (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ ကြေးမုံရိပ်သွင် တေးနှယည်
၈း၁၅ ၇။ အကပြိုင်ပွဲ
၈း၂၅ ၈။ ဆင်ဖြူရှင်တံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၁၇း၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇း၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇း၃၅ ၈။ **"အလံလေးတော့ကိုင်ပြပါ"** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇း၄၅ ၉။ နှောင်းခေတ် တေးပဒေသာ
၁၇း၅၀ ၁၀။ ကြည့်ရှုလေ့လာဖွယ်ရာစုံလင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၇)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမ ချစ်ပုံပြင်** (အပိုင်း–၂၈)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

## မဟာဝမ္မရံသီအိမ်တော်ရာစေတီ တရားပွဲများကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဝမ္မရံသီ အိမ်တော်ရာစေတီတော် မြတ်ကြီး၏ (၁၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲများအဖြစ် ဒီဇင်ဘာ ၂၆ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၃၀ရက်တွင် သီတဂူ ကြာတစ်ပွင့် ဘဒ္ဒန္တခေမာသီရိလင်္ကာရ၊ ၃၁ရက်တွင် သီတဂူဆရာတော် ဒေါက်တာရှင်ဉာဏိသာရနှင့် ၂၀၀၇ခုနှစ် ဇန်နဝါရီ၁ရက်တွင် ရေနံချောင်း ဆရာတော် ဘဒ္ဒန္တဇနိတတို့က ညစဉ် ၇နာရီတွင် စေတီတော်ရင်ပြင် ရတနာ့ဗိမာန်တော်ကြီး၌ အထူးတရားပွဲများ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၂) ဒဂုံ (မြို့မ) ကျောင်းသားဟောင်းများ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

အထက(၂) ဒဂုံ (မြို့မ) ကျောင်းသူကျောင်းသားဟောင်းများ၏ အာစရိယ ပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၂)ဒဂုံ(မြို့မ)ကျောင်း ဦးဘလွင်ခန်းမ၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို မဆွေမျိုးမြင့် (၁၉၈၀) ဖုန်း-၅၇၇၄၀၉၊ မစံပယ်(၁၉၈၅) ဖုန်း-၂၂၄၇၄၄၊ ကိုလင်းထိုက်ဦး (၁၉၉၉) ဖုန်း-၀၉-၅၀-၀၃၂၅၆၊ ကိုဗညား (၁၉၉၀) ဖုန်း-၀၉-၈၀-၃၀၇၇၈၊ ဒေါက်တာလှလှချို(၁၉၈၆)ဖုန်း-၀၉-၅၁-၅၉၁၇၀၊ကိုသူရ(၁၉၉၅)ဖုန်း-၅၃၆၁၄၃၊ ကိုစိန်မင်း(၁၉၉၅) ဖုန်း-၅၅၅၅၈၇၊ ကိုကျော်မင်းဟန် ဖုန်း-၀၉-၅၁-၃၅၆၉၃ နှင့် ကိုမျိုးနိုင်ဦး (၁၉၈၉) ဖုန်း-၀၉-၅၀-၁၆၅၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ် မာနာရာကာအား နေပြည်တော်လေဆိပ်ခန်းမ၌ ခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

### ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ် မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လေဆိပ်ခန်းမ၌ ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ် မာနာရာကာအား ခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

### ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ် မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်လေဆိပ်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ပဲခူးမြစ် ကမ်းနားလမ်း၊ ပဲခူးမြစ်တာပတ်လမ်း၊ ရေတံခါးများ တည်ဆောက်ပြီးစီးမှု တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)





## လားရှိုးနှင့် နမ့်စန်မြို့များအအေးပို

**၂၁-၁၂-၂၀၀၆**

| | | |
|---|---|---|
| နေပြည်တော် | ၁၄ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး၊ နမ့်စန် | ၂ | ။ |
| တောင်ကြီး | ၆ | ။ |
| ဟားခါး | ၆ | ။ |
| အမ်းမြို့ | ၇ | ။ |
| မင်းတပ် | ၈ | ။ |
| လွိုင်ကော် | ၈ | ။ |
| ပြင်ဦးလွင် | ၁၀ | ။ |
| ဝမြို့ | ၁၃ | ။ |
| မန္တလေး | ၁၄ | ။ |
| ရန်ကုန် (ကမ္ဘာအေး) | ၁၅ | ။ |
| မိတ္ထီလာ | ၁၅ | ။ |
| ညောင်ဦး | ၁၅ | ။ |
| ကိုကိုးကျွန်း | ၂၁ | ။ |
| ကော့သောင်း | ၂၄ | ။ |

(မြန်မာ့အလင်း)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ၂နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

### တက်ရောက်

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပဲခူးမြစ်ကမ်းနားလမ်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှု၊ ပဲခူးမြစ် တာပတ်လမ်းပြီးစီးမှု၊ သရက်ပင်ချောင်းကျေးရွာနှင့် ပဲခူးမြစ် ဆက်စပ်လမ်း ဖောက်လုပ်ပြီးစီးမှု၊ ကြားကြီးချောင်းရေတံခါး (၆ပေx၆ပေ) ခြောက်ပေါက် တည်ဆောက်ပြီးစီးမှု ဖိုးပြန်ချောင်းရေတံခါး (၆ပေx၆ပေ) ခြောက်ပေါက် တည်ဆောက်ပြီးစီးမှု၊ ညောင်ပင်သာချောင်းရေတံခါး (၆ပေx ၆ပေ) ခြောက်ပေါက် တည်ဆောက် ပြီးစီးမှု၊ ငရုတ်သီးမှုန့်ဇုန်ဖော်ထုတ်ရန် လျာထားချက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ပတ်သက်သည့် အချက် အလက်များနှင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့မှု များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စက်မှုဇုန်မှ လုပ်ငန်းရှင်များက ရှင်းလင်း တင်ပြကြသည်။

### ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည် များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက် ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သရက် ပင်ချောင်းကျေးရွာနှင့် ပဲခူးမြစ် ဆက်စပ် လမ်းအတိုင်း လမ်းတည်ဆောက် ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ညောင်ပင်သာချောင်း ရေတံခါးသို့ရောက်ရှိ၍ တည်ဆောက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံ မြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင် ချောင်း ကျေးရွာသို့ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်တာဝန် ရှိသူများက ကြိုဆိုကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ယာယီရှင်းလင်း ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ အား ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ အခွန်ဌာန ဌာနမှူး ဦးအောင်ဇင်က ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းစီမံကိန်းဇုန် ဖော် ထုတ်ပြီးစီးမှု၊ မြေကွက်များရောင်းချ ပြီးစီးမှု၊ လုပ်ငန်းရှင်များ ရောက်ရှိမှု၊ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်၊ လျှပ်စစ်ထရန်စဖော်မာများ တပ်ဆင်ပြီးစီးမှု၊ ရေရရှိရေးဆောင် ရွက်မှု၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှု၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရန်ကုန်မြို့တော် ဝန်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြားပြီး တက်ရောက်လာကြ သည့် ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များ ကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး ပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာ သွားသည်။ **(သတင်းစဉ်)**

## လက်ခုပ်ကုန်း အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

လက်ခုပ်ကုန်း အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက် တန်းကျောင်း ကျောင်းသားကျောင်းသူ ဟောင်းများက ဆရာကြီး ဦးမိုးလွင် အမှူးပြုသော ဆရာကြီး ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကို လက်ခုပ်ကုန်း ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းတွင် ဒီဇင်ဘာ ၂၅ရက် (တနင်္လာနေ့) နံနက်ပိုင်း၌ ကျင်းပမည် ဖြစ်သည်။ ရန်ကုန်မြို့မှ လိုက်ပါ ပူဇော်ကန်တော့လိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဒီဇင်ဘာ ၂၄ရက် နံနက်၇နာရီခွဲတွင် ဒလဘက် ကမ်း ကားဂိတ်သို့ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# နိုင်ငံတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းလုပ်ငန်းများရှိ ပြည်သူတစ်ရပ်လုံး၏ အခြေခံအခွင့်အရေးများ ထိပါးစေနိုင်မည့် ပြင်ဆင်ချက်မျိုး အထူးသတိပြုရှောင်ကြဉ်ဖို့လို



ရန်ကုန် ဒီဇင်ဘာ ၂၁

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် (ယနေ့) တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်-**

လေးစားအပ်တဲ့ အမျိုးသားညီလာခံ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ အစုအဖွဲ့ရှစ်ဖွဲ့က အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများကို အထူးလေးစားပါကြောင်း ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ဦးခွန်စိန်ဝင်းဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစတဲ့ လုပ်ငန်းများရှိနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းဟာ နိုင်ငံတိုင်းရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့အတွက် ပေါ့ပေါ့ဆဆ အလွယ်တကူ ပြင်ဆင်ရန် မသင့်ကြောင်းအားလုံးသိရှိ နားလည်ကြပြီးဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူတစ်ရပ်လုံးရဲ့ အခြေခံအခွင့်အရေးတွေကို ထိပါးစေနိုင်မယ့် ပြင်ဆင်ချက်မျိုးကို အထူးသတိထားရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်။ ဥပဒေတစ်ရပ်ကို ပြင်ဆင်တဲ့နေရာမှာ ဥပဒေပြုယန္တရားမလိုဘဲ သာမန်ဥပဒေ ရိုးရိုးပြင်ဆင်သလို အလွယ်တကူပြင်ဆင်သွားရင် အခြေခံဥပဒေ တစ်ရပ်လုံးဟာ ပေါ့ပျက်သွားစေနိုင်ပြီး နိုင်ငံရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေနိုင်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မူလရေးဆွဲခဲ့စဉ်အခါက နိုင်ငံသားများရဲ့ အခွင့်အရေးတွေကို ချန်လှပ်ထားခဲ့ပြီး နှစ်ပေါင်းများစွာကြာမှ အကြိမ်ကြိမ်အလီလီ ပြင်ဆင်ဖြည့်စွက်လာခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ပြင်သစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း (၁၄)ကြိမ်တိတိပြင်ဆင်ခဲ့ရကြောင်း သိရှိရပါတယ်။ အင်္ဂလန်နိုင်ငံကတော့ စာအုပ်နှင့် သီးခြားရေးသားပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေမရှိတဲ့အတွက် ပြင်ဆင်ရန်မလိုအပ်ဘဲ သင့်တော်ရာဥပဒေပြုမှုနဲ့ လိုအပ်သလို လုပ်ဆောင်သွားနိုင်တာတွေလည်း ရှိကြပါတယ်။

အခြေခံဥပဒေကိုပြင်ဆင်တဲ့နေရာမှာ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်ရင် နည်းလမ်းနှစ်မျိုးရှိကြောင်း တွေ့ရှိရပါတယ်။ ပထမနည်းလမ်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ရာခိုင်နှုန်းဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ သုံးပုံနှစ်ပုံဖြစ်စေ ပြင်ဆင်ရန်သဘောတူကြပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး ပြင်ဆင်တဲ့နည်းလမ်း ဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ လွှတ်တော်ကိုယ်စားလှယ်အားလုံး ၇၅ရာခိုင်နှုန်းဖြစ်စေ၊ သုံးပုံနှစ်ပုံဖြစ်စေ သဘောတူလက်ခံပြီး ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ အကြောင်းပေါ်ပေါက်လာရင် ဘယ်လိုနည်းလမ်းများနဲ့ ပြင်ဆင်ရမယ်ဆိုတာ သတ်သတ်မှတ်မှတ်ရေးထားဖို့ လိုအပ်ပါတယ်။ ပြင်ဆင်လိုတဲ့ ဥပဒေကိုသာ ဥပဒေကြမ်းအဖြစ် အဆိုပြုတင်သွင်းစေသင့်ပါတယ်။ ဥပဒေကြမ်းကို ဘယ်လွှတ်တော်ကစတင် တင်သွင်းရမယ်ဆိုတာလည်း သတ်မှတ်ဖို့လိုပါတယ်။ လာမယ့်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်မှာ ပြင်ဆင်ရန်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင်သာ တင်သွင်းသင့်ပါတယ်။ ပြင်ဆင်ရန်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ ၂၀ရာခိုင်နှုန်းက တင်ပြလာမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးဖို့ သတ်မှတ်ထားသင့်ပါတယ်။ မည်သည့်ပြဋ္ဌာန်းချက်များ၊ မည်သည့်ဥပဒေပုဒ်မများကို မည်သည့်နည်းလမ်းများနှင့် ပြင်ဆင်ရမယ်ဆိုတာ အခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အခါမှာ အသေးစိတ်ဖော်ပြပြဋ္ဌာန်းသင့်ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ၁၉၄၇ခုနှစ်နှင့် ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ အထောက်အထားပြည့်ပြည့်စုံစုံနဲ့ ရှင်းလင်းသွားတဲ့အတွက် ဥပဒေပြင်ဆင်ခြင်းအခန်းစုစည်းချက် အမှတ်စဉ် ၁မှ ၄အထိကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဆက်လက်ပြီး နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းကို ဆွေးနွေးသွားပါမယ်။ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့ မြို့တော်များကို သတ်မှတ်ထားလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းတဲ့အခါ အလံကို မည်သို့မည်ပုံ သတ်မှတ်ရန်ကိစ္စကိုသာ အဓိကထားပြီး ပြဋ္ဌာန်းလေ့ရှိကြပါတယ်။ အလံနဲ့ပတ်သက်ပြီး အသုံးပြုပုံ၊ ဆောင်ရန်၊ ရှောင်ရန်၊ ပြစ်မှုပြစ်ဒဏ်များကို သီးခြားပြဋ္ဌာန်းလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံကို သတ်မှတ်တဲ့နေရာမှာ သက်ဆိုင်ရာနိုင်ငံရဲ့ သမိုင်းကြောင်းများကို အခြေခံပြီး သတ်မှတ်လေ့ရှိကြပါတယ်။ နိုင်ငံတော်အလံမှာ အများအားဖြင့် အဖြူ၊ အနီ၊ အပြာ၊ အစိမ်းနဲ့ အဝါစတဲ့ လိုက်ဖက်မယ့် အရောင်တွေရွေးပြီး သတ်မှတ်လေ့ရှိကြပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာရော ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ပြည့်ပြည့်စုံစုံ ဖော်ပြပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး မရှိအတူရှိအတူ အေးအတူ



**ဖတ်ကြား တင်ပြ**

**ပြည်ထောင်စု ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်းပြည်ထောင်စု ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်၏ အကြံပြုချက် စာတမ်းကိုဖတ်ကြား တင်ပြစဉ်။**
(သတင်းစဉ်)

ပူအမျှ ဥမကွဲသိုက်မပျက် ရှေးနှစ်ပေါင်းများစွာက စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြတဲ့အတွက် နိုင်ငံတော်ဧရိယာက မည်သည့်အခါမျှ ခွဲမထွက်ရဆိုတဲ့ အခြေခံမူကို ချမှတ်ထားခဲ့တာကြောင့် စည်းလုံးညီညွတ်မှုရဲ့ အထိမ်းအမှတ် ကြယ်ဖြူပွင့်ကြီးကို အထက်သို့ မှတ်ညွှန်းလျက် ဖော်ပြသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံစိမ်းလန်းစိုပြည်ခြင်းကိုဖော်ညွှန်းတဲ့ အစိမ်းရောင်၊ စည်းလုံးညီညွတ်ခြင်း ပြန်လည်စုစည်းခြင်းနဲ့ တိုင်းရင်းသားများအားလုံး ချစ်ခင်ရင်းနှီးညီညွတ်စွာ စည်းစည်းလုံးလုံးရှိခြင်းကို အဓိပ္ပာယ်ဆောင်တဲ့ တော်ဝင်အဝါရောင်၊ ရဲရင့်ခြင်း ပြတ်သားခြင်းဖော်ဆောင်တဲ့ အနီရောင်တွေကို နိုင်ငံတော်အလံမှာ အသုံးပြုသင့်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ပြဋ္ဌာန်းချက် မပါရှိသော်လည်း ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ ပတ်သက်ပြီး နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဖော်ပြထားသော်လည်း အချို့သော နိုင်ငံများက ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းထားတာလဲ ရှိကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အင်္ဂါရပ်မှာ လူဦးရေ၊ နယ်မြေအစိုးရနဲ့ အချုပ်အခြာအာဏာဆိုတာ ရှိပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ တည်တယ်ဆိုတဲ့ အခြေခံမူအရ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ မြေပုံကို ထည့်သွင်းဖော်ပြသင့်ပါတယ်။ နိုင်ငံတော်ငြိမ်းချမ်းတဲ့ ပြည်ထောင်စု ဒီမိုကရေစီအခွင့်အရေးအပြည့်အဝရှိတဲ့ ပြည်ထောင်စု၊ အမျိုးသား စည်းလုံးညီညွတ်ရေး ပြည့်ဝတဲ့ ပြည်ထောင်စုဖြစ်ကြောင်း ပေါ်လွင်အောင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုတဲ့ စာသားကိုထည့်သွင်းသင့်ပါတယ်။ လွတ်လပ်ရေးအတွက် ပြည်သူတစ်ရပ်လုံး နယ်ချဲ့ဖက်ဆစ်တော်လှန်ကြစဉ်သုံးခဲ့တဲ့ ကြယ်ဖြူကို ထည့်သွင်းသင့်သလို မြန်မာအစဉ်အလာအရ အသုံးပြုခဲ့တဲ့ ကေသရာဇာ ခြင်္သေ့ကိုလည်း ထည့်သွင်းသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်သီချင်းကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသော်လည်း ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၁၉၄၇ခုနှစ် ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်သီချင်းကိုမီအောင် စပ်ဆိုနိုင်ခြင်း မရှိတဲ့အတွက် မူလနိုင်ငံတော် သီချင်းကိုပဲ ပြဋ္ဌာန်းကြောင်းတွေ့ရပါတယ်။ ကမ္ဘာ့နိုင်ငံတချို့က မည်သည့်သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ကြောင်း သီချင်းအမည် ဖော်ပြပြီး ပြဋ္ဌာန်းတာလည်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံတော်သီချင်းကို လက်ရှိသီချင်းကိုသာဆက်ပြီး အသုံးပြုသင့်ပါတယ်။

ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ မြို့တော်ရဲ့အမည်ဖော်ပြထားတာရှိသလို ဖော်ပြမထားတာလည်း တွေ့ရှိရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ မြို့တော်ဟာ ပြည်တွင်း၊ ပြည်ပ ဆက်သွယ်မှုကောင်းခြင်း၊ နိုင်ငံခြားစီးပွားရေး ဆက်သွယ်မှု ကောင်းမွန်ခြင်း၊ ပင်လယ်ဆိပ်ကမ်းကောင်းမွန်ခြင်း စတဲ့အင်္ဂါရပ်များနှင့် ပြည့်စုံတဲ့မြို့ကို မြို့တော်အဖြစ် သတ်မှတ်လေ့ရှိကြပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအနေနဲ့ နိုင်ငံရဲ့အလယ်ဗဟိုကျပြီး လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်တဲ့ နေပြည်တော်ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်သင့်ပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတဲ့ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့ မြို့တော်အခန်းပါ အချက်များအားလုံးကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဆက်လက်ပြီး ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းကို ဆက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မပြဋ္ဌာန်းမီနဲ့ ပြဋ္ဌာန်းပြီး အခြေအနေအရပ်ရပ်မတူညီနိုင်တဲ့အတွက် အဖွဲ့အစည်းများရဲ့ တာဝန်ဝတ္တရားစဉ်ဆက်မပြတ်လည်ပတ်နေဖို့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းလေ့ရှိကြပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာလည်း ထည့်သွင်းပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး အဲဒီအခြေခံဥပဒေအာဏာစတင်တည်ရမယ့်နေ့ရက်ပါ ပြဋ္ဌာန်းပေးဖို့လိုအပ်ပါတယ်။ လုပ်ငန်းစဉ် (၇)ရပ်အရ ရေးဆွဲပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုပြဋ္ဌာန်းသွားဖို့ရှိပါတယ်။အခြေခံဥပဒေအာဏာတည်ပြီး ပြည်ထောင်စုလွှတ်တော်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အာဏာလွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးမကျင်းပမီ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်ခံယူကျင့်သုံးသင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော်မပေါ်ပေါက်မီ လိုအပ်တဲ့ ဥပဒေပြုလုပ်ငန်းများကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာပါ ပြဋ္ဌာန်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်ဦးတည်ချက် အခြေခံအုတ်မြစ်များ ချမှတ်ခြင်း၊ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြေညာချက်များထုတ်ပြန်တဲ့နေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆက်ခံဆောင်ရွက်ခြင်းဖြစ်ကြောင်းပါ မူချမှတ်ထားသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့ လိုက်လျောညီထွေမရှိတဲ့ ဥပဒေများကိုလည်း ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အလားတူပြဋ္ဌာန်းထားခဲ့ပါတယ်။ အခြေခံဥပဒေသစ်အရ တရားရုံးများ တရားစီရင်ပိုင်ခွင့်များပြီးစီးအောင် မဆောင်ရွက်နိုင်မီကာလ မူလတရားစီရင်ခွင့်အာဏာများ သုံးစွဲခွင့်ပေးထားသင့်ပါတယ်။ နိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးယန္တရားမှာရှိတဲ့ အရာထမ်း၊ အမှုထမ်းများ လုပ်ငန်းအရှိန်အဟုန် မပျက်စေရေးအတွက် လုပ်ငန်းခွင်တည်မြဲမှုရှိနေစေဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအတွက် ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ်အခြေခံ ရမယ့်မူ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၈ အထိကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေ ပြဋ္ဌာန်းချက်အခန်းကို ဆက်လက်ပြီးဆွေးနွေးသွားပါမယ်။ အထွေထွေပြဋ္ဌာန်းချက် ခေါင်းစဉ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ မပါရှိသေးတဲ့ ဥပဒေတွေ၊ ထပ်မံဖြည့်စွက်ဖို့လိုတဲ့ ဥပဒေတွေနဲ့ အခြားပြဋ္ဌာန်းချက်များအတွက် လိုအပ်နေတဲ့ ဥပဒေတွေကို ထည့်သွင်းဖော်ပြဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ပြီးဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ အခန်း ၁ မှ အခန်း ၁၄ အထိ မပါရှိ၊ မပြဋ္ဌာန်းရသေးဘဲ လိုအပ်နေသေးတဲ့ ဥပဒေတွေကို အထွေထွေ ပြဋ္ဌာန်းချက်များအခန်းမှာ ပြည့်ပြည့်စုံစုံ ဖြည့်စွက်ပြဋ္ဌာန်းပေးဖို့ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌဟာ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဖြစ်ကြောင်း၊ မြန်မာစာကို ရုံးသုံးစာဖြစ်သင့်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အခြေခံမူများဟာ လိုက်နာရမယ့် လမ်းညွှန်မှုဖြစ်ကြောင်း အခြေခံဥပဒေရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ မြန်မာစာနဲ့ ရေးသားထားချက်အပေါ် အခြေပြုသင့်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြန်မာစာမူကို အမျိုးသားမော်ကွန်းတိုက်တွင် ထားရှိသင့်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့် နောက်ဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးရဲ့ ဆုံးဖြတ်ချက်ဟာ နောက်ဆုံးအပြီးအပြတ် အတည်ဖြစ်ကြောင်း ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အပြည်ပြည်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ အကိုးအကား၊ အထောက်အထား ပြည့်ပြည့်စုံစုံနဲ့ ရှင်းလင်းသွားတာတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လူသားများက ရေးဆွဲပြဋ္ဌာန်းထားခြင်းသာ ဖြစ်ပါတယ်။ အာဏာရှိသူ၊ အာဏာမဲ့သူမရွေး လူအများက လိုက်နာကျင့်သုံးကြမှသာ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အသက်ဝင်လှုပ်ရှားနိုင်စွမ်းရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြတဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ် အခြေခံရမည့်မူ အမှတ်စဉ် ၁ မှ ၂၆ အထိကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံအပ်ပါတယ်။ မကြာတော့တဲ့ ကာလမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကြီး ပြီးဆုံးတော့မှာဖြစ်တဲ့အတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ဝါဒစွဲ၊ လူမျိုးစွဲစတဲ့ အစွဲတွေခဝါချပြီး တစ်ခုတည်းသော ရွှေရောင်လင်းလက် တောက်ပနေတဲ့ အမျိုးသားနိုင်ငံတော်ကြီးကို တည်ဆောက်ကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ထောက်ခံအကြံပြုစာတမ်းများကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးအတွက် စေတနာရှင်၊အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အလှူရှင်များ တက်ရောက်ကြသည်။**

## ကျေးဇူးတင်စကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

## ပြန်လည်ပေးအပ်

ထို့နောက် အလှူရှင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၃၀၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က ငွေကျပ်ငါးသိန်းစီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးနေအောင်-ဒေါ်ခင်မိုးညွှန့် (အောင်ရီဖြိုးကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၅၀၊ ဦးမြင့်ဦး (သီဟရာဇာကုမ္ပဏီ)က ငွေကျပ်သိန်း ၂၀၊ ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်၊ သမီးမီးမီးမိုး(A.A Medical Products Co., Ltd.)၊ ဒေါ်တင်လတ်မင်း (ရွှေဗျိုင်းဖြူ ကုမ္ပဏီလီမိတက်)၊ ဦးမျိုးဦး (ဦးကြူမိသားစုဂျုံစက်)၊ ခနအောင် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ သီရိသုခမ္မမဏ်ိဇောတဓရ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း၊ ယုဇန ဦးဌေးမြင့်တို့က ငွေကျပ် ၁၀ သိန်းစီ၊ သီရိသုခမ္မမဏ်ိဇောတဓရ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင် (Max Myanmar Co., Ltd.)၊ ဦးချစ်ခိုင်(ဒေင်ကုမ္ပဏီအုပ်စု)၊ ဦးညိုမင်း-ဒေါ်ဥမ္မာလွင် (Min Zar Ni Co., Ltd.)၊ ဦးမောင်မောင်အောင် (အဏ္ဏဝါအောင် ရေထွက်လုပ်ငန်း)၊ သီရိသုခမ္မ မဏ်ိဇောတဓရ ဦးနေဝင်းထွန်း(ဥက္ကဋ္ဌ၊ ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါး ကုမ္ပဏီ)-ဒေါ်နန်းအေးအေးမြင့် မိသားစု၊ ဒေါက်တာဇော်ထွန်း-ဒေါက်တာဒေါ်ဌေးဌေးကြည်(SSC)၊ ဦးမိုးမြင့်-ဒေါ်ဥမ္မာမိုးမြင့်၊ ဦးအုန်းဆိုင်-ဒေါ်မြင့်မြင့်စိန်(New Golden Gate 1991)၊ ဦးရှောင်စန်း (Yangon Grown Wire Co., Ltd.)၊ အစ်မ ဒေါ်စန်းစန်းမြင့်နှင့် မောင် ဦးအောင်သန်းမြင့်(Super Power Co., Ltd.)၊ဦးမြဟန်-သီရိသုခမ္မသီဂိ ဒေါ်ခင်စပယ်ကြည် (Fortune International Co., Ltd.)၊ ဦးစန်းနောင်-ဒေါ်စပယ်အောင်မိသားစု၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (KSS နတ်သုဒ္ဓါဒံပေါက်မိသားစု)နှင့် ဒေါ်ခင်ခင်လေး(Forever Group)တို့က ငွေကျပ်ငါးသိန်းစီ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ဦးဟိုစွမ်-ဒေါ်အေးအေးမူ (ဘုန်းဟန် ကျော်ရတနာရွှေဆိုင်)နှင့် ဦးမောင်မောင်ဦး (Super Coffeemix)တို့က ငွေကျပ်သုံးသိန်းစီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါးအား အမှူးထား၍ စန္ဒီပရဆေးမိသားစုက ငွေကျပ်နှစ်သိန်း ငါးထောင်၊ ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင် (ရွှေနန်းတော် ရတနာရွှေဆိုင်)၊ ဦးဝင်းအောင်-ဒေါက်တာမိုးမြမြ (Dagon International Co., Ltd.)၊ ဦးသိန်းဟံ(Tokyo Pipe, Myanmar Pipe Co., Ltd)၊ ဦးကျော်အောင်-ဒေါ်ရင်ဟွမ် (Benhur Co., Ltd)နှင့် ဦးခင်မောင်အေး-ဒေါ်ခင်လေး (Gold Power Co., Ltd.)တို့က ငွေကျပ် နှစ်သိန်းစီ၊ သီရိသုခမ္မသီဂိ ဒေါ်ခင်နန်းမွန် (MWEA)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)၊ သမားတော်ကြီး ဦးလှဌေး-သီရိသုခမ္မသီဂိ ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)နှင့် ဒေါ်သက်ရီတို့က ငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးအတွက် ယနေ့အလှူရှင် ၄၅ ဦးတို့က စုစုပေါင်း ငွေကျပ် ၂၆၃၀၅၀၀၀ ကို လှူဒါန်းကြကြောင်း သိရသည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးက ကြီးမှူး၍ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အောင်သပြေရဲရိပ်သာရှိ စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း၃၀၀တို့ တက်ရောက်ကြသည်။

## ဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေါ်တင်မိုးလွင် (Talent & Model Agency) က **'အမျိုးသမီးများ၏ ကျန်းမာ၊ လှပ၊ ပျော်ရွှင်ရေး'** ခေါင်းစဉ်ဖြင့် သရုပ်ပြ ရှင်းလင်းဟောပြောသည်။

## ပေးအပ်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အသိပညာပေး သရုပ်ပြဟောပြောပေးသော ဒေါ်တင်မိုးလွင်နှင့် သရုပ်ပြဆရာမများအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူး၍ အသိပညာပေး သရုပ်ပြ ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (ပြည်ထဲရေး)

# အင်တာနက် သတင်းနှင့်ဓာတ်ပုံ

## ဒေသအားလုံးမှငှက်ဖျားရောဂါဖယ်ရှားရေး ကာကွယ်ဆေးတစ်မျိုးတီထွင်နိုင်ပြီ

**ခြင်၏ကိုယ်ခန္ဓာအတွင်း ရှိနေသည့် ငှက်ဖျားရောဂါဖြစ်စေနိုင်သော ကပ်ပါးပိုးဖွံ့ဖြိုးမှုကို တားမြစ်ပေးသည့် ငှက်ဖျားကာကွယ်ဆေးတစ်မျိုးကို သုတေသီများက တီထွင်နိုင်ပြီ ဖြစ်သည်။**

### တီထွင်

**ကာကွယ်ဆေးကို ခြင်၏ဗိုက်တွင်း ရှိနေသော ကပ်ပါးပိုးဖွံ့ဖြိုးအောင် အဓိကတွန်းအားပေးသည့် ပီအက်ဖ် အက်စ်-၂၅ခေါ် ပရိုတိန်းကိုချေဖျက်ရန် ရည်ရွယ်တီထွင်ထားခြင်းဖြစ်သည်ဟုဆို၏။ ဤငှက်ဖျားကာကွယ်ဆေးက ပထဝီဝင်ဒေသကြီး အားလုံးမှ ငှက်ဖျားရောဂါကို တိုက်ဖျက်ဖယ်ရှားပေးနိုင်စွမ်းရှိသည်ဟု အမေရိကန် အမျိုးသားကျန်းမာရေးဌာနမှ သုတေသီများက ပြောဆိုသည်။**

### သေဆုံး

**ငှက်ဖျားရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် လူပေါင်း တစ်သန်းမှ သုံးသန်းအထိ အသက်ဆုံးရှုံးခဲ့ရသည်။ အထူးသဖြင့် အာဖရိကတိုက်မှ ကလေးသူငယ် တစ်သန်းခန့် နှစ်စဉ် ငှက်ဖျားရောဂါဖြင့် သေဆုံးလျက်ရှိသည်။**

(ကိုးကား-အင်တာနက်)



# ကန့်သတ်ထိန်းချုပ်ထားသောဆေးဝါးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒီဇင်ဘာ၁၈ရက် မွန်းလွဲ၂နာရီက ကန့်သတ်ထိန်းချုပ်ထားသောဆေးဝါးများကို ဖမ်းဆီးရမိခဲ့သဖြင့် တရားခံအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## သိမ်းဆည်းရမိ

အမှုဖြစ်စဉ်မှာ ဒီဇင်ဘာ၁၈ရက်က ထိုင်းလေကြောင်းခရီးစဉ် အမှတ် TG-301ဖြင့် ဗန်ကောက်မှ ရန်ကုန်လေဆိပ်သို့လိုက်ပါလာသော ရန်ကုန်မြို့နေ မာမတ်ရာဖက်စ်(ခ)မောင်မောင်လေးဆိုသူ၏ ခရီးဆောင်အိတ်အားရှာဖွေစစ်ဆေးရာ ပြည်ပနိုင်ငံများမှ တရားမဝင်တင်သွင်းလာသော ၁၀လုံးတစ်ကတ်ပါ ANAX(Alprazolam) ဆေးကတ် ၆၀၀၊ ၁၀လုံးတစ်ကတ်ပါ Wyethativan (Lorazepan) ဆေးကတ် ၃၇၆၀နှင့် Syntocinon 50mlထိုးဆေးအရည်ပုလင်း ၄၂၄၀တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါဆေးများသည် ၁၉၇၁ခုနှစ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းက ထိန်းချုပ်တားမြစ်ထားသော ဆေးဝါးများဖြစ်သည့်အပြင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ် ကျန်းမာရေးဝန်ကြီးဌာနကလည်း အမိန့်ကြော်ငြာစာဖြင့် တားမြစ်ပိတ်ပင်ထားသော ထိန်းချုပ်ဆေးဝါးများဖြစ်ကြောင်း။

## ဆက်လက်ဖော်ထုတ်

တရားခံ မာမတ်ရာဖက်စ်(ခ)မောင်မောင်လေးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ လေဆိပ်ရဲစခန်းက အမှုဖွင့်အရေးယူထားပြီး သတင်းကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူထုကျန်းမာရေးသင်တန်း ပုဏ္ဏားကျွန်းမြို့နယ်၌ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက်၈နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဝေမျိုးခိုင်နှင့် အဖွဲ့ဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကမ်ပိုနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းသားများတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကမ်ပိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

## ဖွင့်လှစ်

အဆိုပါသင်တန်းသို့ ကျေးရွာများမှသင်တန်းသား၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်သည်။ ယခုသင်တန်းသည် ပုဏ္ဏားကျွန်းမြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

22-12 (12) 1 12/22/06, 2:21 AM

# ဂရင်းရွိုင်ရယ်ဖလား မြန်မာနှစ်သင်းဗိုလ်လုပွဲ၌ဆုံတွေ့ လက်ရွေးစင်အသင်း သုံးဂိုးသွင်းပြီးမှ နှစ်ဂိုးပြန်အသွင်းခံရ

**မန္တလေး ဒီဇင်ဘာ ၂၁ (ဖက်စ်)**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co., Ltd.တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) တတိယပွဲစဉ်များကို ယနေ့ညနေပိုင်းက အထက်မြန်မာပြည် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ မလေးရှား(ယူ-၂၃) အသင်းနှင့် အင်ဒိုနီးရှား(ယူ-၂၃)အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားပြီး မြန်မာ့လက်ရွေးစင်အသင်းက မြန်မာ(ယူ-၂၃)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**အကြိတ်အနယ်**

နှစ်သင်းစလုံးအတွက် အဆုံးအဖြတ်ပွဲဖြစ်သည်နှင့်အညီ ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရာ အကြိတ်အနယ်ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ပထမပိုင်း၌ အင်ဒိုနီးရှားအသင်းက ခြေအသာစီးမှ ကစားပြီး ဦးဆောင် ဂိုးသွင်းယူနိုင်သော်လည်း မလေးရှားအသင်းက ချေပဂိုးသွင်းယူကာ တစ်မှတ်ရအောင် ယူနိုင်ခဲ့သည်။ အင်ဒိုနီးရှား(ယူ-၂၃)အသင်းက သုံးမှတ်အပြည့်ရမှသာ ဗိုလ်လုပွဲတက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်၍ အကြိမ်ကြိမ်ထိုးဖောက်တိုက်စစ်ဆင်သော်လည်း မလေးရှား(ယူ-၂၃)အသင်းက နည်းဗျူဟာသာလွန်မှုဖြင့် သရေ ရအောင် ထိန်းကစားသွားခြင်းဖြစ်သည်။

**တစ်မှတ်စီခွဲယူ**

အင်ဒိုနီးရှား(ယူ-၂၃)အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၂မိနစ်တွင် ကျောနံပါတ်(၇) တိုနီဆူဆစ်တိုက သွင်းယူခြင်းဖြစ်သည်။ မလေးရှား(ယူ-၂၃)အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၁မိနစ်တွင် ကျောနံပါတ်(၁၄) ဂျမာလူဒင်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးကစားသမားများလဲလှယ်ကာ အနိုင်ရရှိရေး ကြိုးစားသော်လည်း ဂိုးထပ်မသွင်းနိုင်ကြ၍ တစ်မှတ်စီခွဲယူလိုက်ရသည်။ အင်ဒိုနီးရှား(ယူ-၂၃)အသင်းက သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲရှုံး နှစ်မှတ်၊ မလေးရှား(ယူ-၂၃)အသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိသည်။ မလေးရှား(ယူ-၂၃)အသင်း လေးမှတ်ရရှိသော်လည်း ဂိုးကွာခြားချက်အရ ဗိုလ်လုပွဲတက်ခွင့်မရဘဲ အိမ်ပြန်စောခဲ့ရသည်။

**အကောင်းဆုံးဆု**

ပွဲအပြီးတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဆုရရှိသွားသော အင်ဒိုနီးရှား(ယူ-၂၃)အသင်းမှ ကျောနံပါတ်(၇) တိုနီဆူဆစ်တိုအား I.B.T.C ကုမ္ပဏီမှ ထုတ်လုပ်မှုဒါရိုက်တာ ဦးဇော်ထိုက်က အမေရိကန်ဒေါ်လာ ၂၀၀ပေးအပ်ချီးမြှင့်သည်။

**ရှင်းလင်းပြောကြား**

ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြများ ရှင်းလင်းပွဲကျင်းပရာ စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းကြသည်။ ရှေးဦးစွာ အင်ဒိုနီးရှား(ယူ-၂၃)အသင်းမှ လက်ထောက်နည်းပြ Mr. Voy ကပြောကြားရာ "ယနေ့ပွဲ၌ မိမိတို့ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း မလေးရှားအသင်း နည်းဗျူဟာကောင်း၍ ချေပဂိုးပေးရပြီး သရေပွဲဖြစ်ခဲ့ရကြောင်း၊ မိမိတို့အသင်းအနေဖြင့် ယနေ့ပွဲ၌ Performance အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း၊ အနိုင်ရရှိရေးခြေကုန်ထုတ်ကစားသော်လည်း ဂိုးကံမကောင်းခဲ့ပါကြောင်း၊ မိမိတို့အသင်းမှ ကစားသမားများ အာရုံစူးစိုက်မှု နည်းသွားချိန်၌ ချေပဂိုးပေးလိုက်ရကြောင်း၊ မြန်မာဒိုင်လူကြီးအနေဖြင့် သူ့အတိုင်းအတာအရ အကောင်းဆုံးလုပ်ဆောင်သွားခြင်းဖြစ်ပါကြောင်း၊ မလေးရှားအသင်းမှ ဂိုးသမား ဘင်နီရူဒင်အကောင်းဆုံးကစားသွားကြောင်း၊ မိမိသဘောအရဆိုလျှင် မလေးရှားအသင်းဂိုးသမား ဘင်နီရူဒင်ကို ပွဲစဉ်အလိုက်အကောင်းဆုံးဆုပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတစ်ခုလုံးကို ခြုံပြောရလျှင် ပြိုင်ပွဲစီစဉ်သူများ စနစ်တကျဖြင့် လုပ်ဆောင်ပေးခဲ့ကြောင်း၊ မိမိတို့တည်းခိုရသည့် Hotel Mandalay၏ ဧည့်ဝတ်ကျေပွန်မှုနှင့်အကောင်းဆုံးဝန်ဆောင်မှုကြောင့် မိမိတို့အသင်းသားများအားလုံး စိတ်ချမ်းမြေ့စွာလေ့ကျင့်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သူများကို ကျေးဇူးတင်ပါကြောင်း၊ နောင်နှစ်ပြိုင်ပွဲများ၌လည်း ဖိတ်ကြားပါက လာရောက်ယှဉ်ပြိုင်ရန် ကြိုးစားမည်ဖြစ်ပါကြောင်း" ပြောကြားသည်။

**မလေးရှားနည်းပြ**

ဆက်လက်၍ မလေးရှား(ယူ-၂၃) အသင်းနည်းပြဘာသီယာက ရှင်းလင်းပြောကြားရာ "ယခုပွဲကို ပွဲကြိုပြောခဲ့သည့်အတိုင်း ခက်ခက်ခဲခဲကစားခဲ့ရကြောင်း၊ အင်ဒိုနီးရှားအသင်းလည်း အကောင်းဆုံးကစားသွား၍ အနိုင်ရသင့်ပါကြောင်း၊ သရေကျသွား၍ နှစ်သင်းစလုံးအတွက် စိတ်မကောင်းဖြစ်မိပါကြောင်း၊ ယနေ့ပွဲ၌ ကွင်းလယ်ဒိုင်ဆုံးဖြတ်ချက်ထက် စည်းကြပ်ဒိုင်၏ ဆုံးဖြတ်ချက်ကို ဘဝင်မကျဖြစ်မိကြောင်း၊ စည်းကြပ်ဒိုင်အနေဖြင့် လူကျွံဘောဖမ်းရာ၌ အဆုံးအဖြတ်အမှားများရှိခဲ့ကြောင်း၊ ကွင်းလယ်ဒိုင်၏ အားနည်းချက်မှာ စည်းကြပ်ဒိုင်၏ အချက်ပြမှုကိုမမြင်ဘဲ ခရာမှုတ်ရာ၌နှေးကွေးကြောင်း၊ မိမိတို့ လေးမှတ်ရရှိခြင်းဖြစ်သော်လည်း မြန်မာ(ယူ-၂၃)အသင်းနှင့်မြန်မာ့လက်ရွေးစင် အသင်းတို့၏ ရလဒ်ကိုစောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း၊ မြန်မာ(ယူ-၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ သန့်ရှင်းစွာကစားကြမည်ထင်ကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်း၏ တောင့်တင်းမှုအနေအထားအရ အနိုင်ရမည်ထင်ပါ





**ဖမ်းယူကာကွယ်**

**ဒီဇင်ဘာ ၁၇ရက်က မြန်မာ(ယူ-၂၃) အသင်းနှင့် မလေးရှား(ယူ-၂၃) အသင်းတို့ ယှဉ်ပြိုင်ကစားရာ မလေးရှားဂိုးသမား ဟူစိန်ဘောလုံး ဖမ်းယူကာ ကွယ် မှု ကို ဤသို့ တွေ့ရသည်။**

ကြောင်း၊ မြန်မာ(ယူ-၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ မည်သို့ကစားကြမည်ကို ပွဲပြီးမှသာသိမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်း ပြီးဆုံးခါနီး၌ မိမိတို့အသင်း ကစားပုံနှေးသွားသည်မှာ မှန်ပါကြောင်း၊ သုံးပွဲဆက်တိုက်ကစားရသလို အစောပိုင်းကန်ရသဖြင့် ပိုဍ်ပင်ပန်းပါကြောင်း၊ အစစ အဆင်ပြေအောင်ဆောင်ရွက်ပေးသည့် I.B.T.C ကုမ္ပဏီနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးသည့် Hotel Mandalayတို့ကို ကျေးဇူးတင်ပါကြောင်း၊ မန္တလေးမြို့ ပရိသတ်၏ အားပေးမှုမှာ မျှတမှုရှိသဖြင့် မိမိတို့ အထူးကျေနပ်မိပါကြောင်း" ပြောကြားသည်။

**မြန်မာ့လက်ရွေးစင်နိုင်**

ညနေ ၆ နာရီတွင် ဒုတိယပွဲအဖြစ် မြန်မာ(ယူ-၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် သုံးဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း နောက်တန်းလူများနှင့် ဂိုးသမား အောင်အောင်ဦးတို့၏ အမှားကြောင့် နှစ်ဂိုးပြန်ပေးလိုက်ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ပွဲအနိုင်ရရှိသဖြင့် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးခြောက်မှတ်ဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် တိုက်စစ်မှူးရန်ပိုင်က ခေါင်းတိုက်သွင်းယူခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မြန်မာ(ယူ-၂၃)အသင်းကို ခြေစမ်းပွဲများ၌ အနိုင်ရခဲ့သည့်နည်းတူ ယနေ့ပွဲစဉ်၌လည်း ခြေအသာစီးမှကစားပြီး သုံးဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်၅၅မိနစ်တွင် အသင်းခေါင်းဆောင် စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူပေးသည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် အသင်းခေါင်းဆောင် စိုးမြတ်မင်းကပင် ၁၈ကိုက်စည်းအစပ်မှ တိုက်ရိုက်ကန်သွင်းယူသည်။

**နှစ်ဂိုးပြန်ပေး**

မြန်မာ့လက်ရွေးစင်အသင်းသည် သုံးဂိုး ရရှိသွားပြီးနောက် ကစားပုံ လျော့ရိလျော့ရဲဖြစ်သွားရာ ချေပဂိုးနှစ်ဂိုးပြန်ပေးလိုက်ရသည်။ မြန်မာ(ယူ-၂၃)အသင်းအတွက် ပထမချေပဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ပိုင်စိုးကလည်းကောင်း၊ ဒုတိယချေပဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် မျိုးမင်းထွန်းကလည်းကောင်း သွင်းယူပေးခြင်းဖြစ်သည်။ မြန်မာ(ယူ-၂၃)အသင်းရရှိသော ချေပဂိုးနှစ်ဂိုးမှာ မြန်မာ့လက်ရွေးစင်အသင်း ဂိုးသမားအောင်အောင်ဦး၏အမှားကြောင့် မပေးသင့်ဘဲ ပေးလိုက်ရခြင်းဖြစ်သည်။ မြန်မာ(ယူ-၂၃)အသင်းသည် ယနေ့ပွဲရှုံးသော်လည်း ချေပဂိုးနှစ်ဂိုးရရှိခြင်းကြောင့် မလေးရှား(ယူ-၂၃)အသင်းထက် သွင်းဂိုးအသာဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိသွားသည်။

**ဆုချီးမြှင့်**

ပွဲအပြီးတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဆုရရှိသွားသော မြန်မာ့လက်ရွေးစင်အသင်းမှ ရန်ပိုင်အား I.B.T.C ကုမ္ပဏီမှ ထုတ်လုပ်မှုဒါရိုက်တာ ဦးဇော်ထိုက်က အမေရိကန်ဒေါ်လာ ၂၀၀ပေးအပ်ချီးမြှင့်သည်။

**ဦးဆန်းဝင်း**

ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြများရှင်းလင်းပွဲပြုလုပ်ရာ စာနယ်ဇင်းမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းကြသည်။ ရှေးဦးစွာ မြန်မာ့လက်ရွေးစင်အသင်း နည်းပြ ဦးဆန်းဝင်းက ရှင်းလင်း ပြောကြားရာ **"မိမိတို့အသင်း ယနေ့ပွဲကစားပုံမှာ မကောင်းပါကြောင်း၊ အထူးသဖြင့် နောက်တန်းနှင့်ဂိုးသမားတို့ မမှားသင့်သောအမှားများရှိခဲ့ကြောင်း၊ မြန်မာ(ယူ-၂၃) အသင်းအနေဖြင့် မိမိတို့အသင်းနှင့် ခြေရည်တူလိုက်ကစားနိုင်ခဲ့ကြောင်း၊ ပွဲမကစားမီ မိမိတို့အသင်းသားများကို တစ်ဖက်အသင်း၏ အားနည်းချက်ကို ပြောပြခဲ့ကြောင်း၊ ဗိုလ်လုပွဲ၌ မြန်မာနိုင်ငံမှ နှစ်သင်းတွေ့သည့်အခါ အကြိတ်အနယ်ရှိမည်ဖြစ်သော်လည်း ပရိသတ်စိတ်ဝင်စားမှု ရှိနိုင်မရှိနိုင်ကို မသိပါကြောင်း၊ ဗိုလ်လုပွဲ၌အနိုင်ရမည်ဟု ယုံကြည်ပါကြောင်း၊ အမာခံကစားသမားများကို လူစားလဲရခြင်းမှာ အရန်ကစားသမားများကို စမ်းသပ်လို၍ဖြစ်ကြောင်း၊ သုံးဂိုးရပြီးမှ နှစ်ဂိုးပြန်ပေးရသည်မှာ နောက်တန်းနှင့် ဂိုးသမားအားနည်း၍ဖြစ်ကြောင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်များကို တစ်ပြိုင်တည်းမကစားဘဲ တစ်ချိန်စီကစားရခြင်းနှင့်ပတ်သက်၍ မိမိသဘောထားမပေးလိုကြောင်း၊ ပြိုင်ပွဲကျင်းပရေးစီစဉ်မှုဖြစ်ပါကြောင်း"** ပြောကြားသည်။

**ဦးတင်မြင့်အောင်**

ဆက်လက်၍ မြန်မာ(ယူ-၂၃)အသင်းနည်းပြ ဦးတင်မြင့်အောင်က ရှင်းလင်းပြောကြားရာတွင် **"ယနေ့ပွဲ၌ မိမိတို့အသင်းကစားပုံကို အားမရပါကြောင်း၊ ပွဲမကစားမီ အသင်းသားများကို အနိုင်ကစားရန် မှာကြားခဲ့ကြောင်း၊ ယနေ့ပွဲ၌ မြန်မာ့လက်ရွေးစင်အသင်းဂိုးသမား အောင်အောင်ဦး Performance ကျဆင်းနေကြောင်း၊ မိမိတို့သုံးဂိုးရှုံးနေချိန်၌ နှစ်ဂိုးပြန်သွင်းနိုင်သည်မှာ ခံစစ်မကစားဘဲ တိုက်စစ်ကစား၍ ဖြစ်ကြောင်း၊ ပထမပိုင်းမိနစ် ၃၀ အထိ မိမိတို့အသင်းကစားပုံကို အားရကြောင်း၊ ဒုတိယပိုင်းကစားပုံမကောင်းကြောင်း၊ ရန်ပိုင်အကောင်းဆုံးဆုရသည်ကို ကျေနပ်ပါကြောင်း"** ပြောကြားသည်။

**ဗိုလ်လုပွဲ**

၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဒီဇင်ဘာ၂၃ရက် ညနေ၃နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ(ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရေးသားပေးပို့ လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## သွေးရောဂါပညာရပ်ဆိုင်ရာ ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါပညာအဖွဲ့၏ ပထမအကြိမ် သွေးရောဂါပညာရပ်ဆိုင်ရာ ညီလာခံကို ဒီဇင်ဘာ၃၀ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဒီဇင်ဘာ၂၇ရက်နှင့် ၂၈ ရက်များတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၌ ရုံးချိန်အတွင်း မှတ်ပုံတင်နိုင်သည်။

ယင်းညီလာခံတွင် "ခြင်ဆီ အစားထိုး ကုသခြင်းဆိုင်ရာ ဆွေးနွေးပွဲ" (Panel Discussion on Bone Marrow Transplantation)၊ ဆေးလက်တွေ့နှင့် ရောဂါဗေဒဆိုင်ရာ စိတ်ဝင်စားဖွယ် ရောဂါများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်းများ (Clinico-Pathological Case Presentations)နှင့် သုတေသနစာတမ်း ဖတ်ကြားတင်ပြခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စာပေဟောပြောပွဲ ပုဏ္ဏားကျွန်းမြို့နယ်တွင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပုဏ္ဏားကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်စာပေကော်မတီတို့ကြီးမှူး၍ ၁၃၆၈ခုနှစ် နတ်တော်လစာဆိုတော်နေ့အထိမ်းအမှတ် (၁၁)ကြိမ်မြောက် စာပေဟောပြောပွဲကို ယမန်နေ့ည ၇နာရီတွင် ပုဏ္ဏားကျွန်းမြို့ မြို့မစေတီမွှာရုံ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကျော်အေး(ချမ်းမြေ့စည်)က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ မြို့နယ်စာပေကော်မတီဥက္ကဋ္ဌ ဦးမောင်လှဦးက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်လှသံက စာရေးဆရာကြီးများနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် ဆရာတော် ဦးပညာစာရ၊ မောင်ခိုင်အောင်(စစ်တွေ)၊ ရိုးမလူ(ရခိုင်သားကြီးစာပေ)နှင့် စစ်တွေညိုသန့်တို့က သုတ၊ရသ၊ ဟာသစာပေများကို ဟောပြောကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြော ဆေးဝါး၊ အာဟာရနှင့် အဝတ်အစားများ ထောက်ပံ့လှူဒါန်း

အုတ်တွင်း ဒီဇင်ဘာ ၂၀

**ပဲခူးတိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ စုပေါင်း၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါပညာပေးဟောပြောပွဲ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ရုံခန်းမတွင်ကျင်းပရာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်စဝ်နွမ်ခွန်ဆမ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**



ထို့နောက် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာခင်စိုးရီက ခုခံအားကျဆင်းမှုရောဂါနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စိုးလှလှမိုးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ လည်းကောင်း ပညာပေး ဟောပြောကြပြီး ကြယ်နီဆေးလိပ်ရုံ ပိုင်ရှင် သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့က အဖွဲ့ဝင် အဆိုပြုလွှာ၂၅၀ကိုပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကသို့ ပေးအပ်သည်။**(ယာပုံ)**

ဆက်လက်၍ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကြယ်နီဆေးလိပ်ရုံအလုပ်သမအမျိုးသမီးများ တွေ့ဆုံစကားဝိုင်း ကျင်းပပြီး သက်ကြီးရွယ်အို အဘိုးအဘွား၂၀နှင့် မွေးရာပါကိုယ်အင်္ဂါချို့တဲ့သူကလေးငယ် ၁၈ဦးတို့အား ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စဝ်နွမ်ခွန်ဆမ်၊ သီရိသုဓမ္မသိင်္ဂီဒေါ်သန်းသန်းနွဲ့နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆေးဝါး၊အာဟာရနှင့် အဝတ်အစားများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။**(၁၁၆)**

## ဆက်ကပ်လှူဒါန်း

**တောင်ငူမြို့နေ သုဓမ္မသိင်္ဂီ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်နှင့် ဆေးလိပ်ခုံမိသားစုများ စုပေါင်းအလှူတော်အဖြစ် ဒီဇင်ဘာ ၁၀ ရက်က တောင်ငူမြို့ ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော် ၁၅၁ ပါးတို့အား သပိတ် ၁၅၁ လုံး အပါအဝင် ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (၁၀၃)



# မီးသတ်ယာဉ် တောင့်တင်းခိုင်မာရေးအတွက် ပြည်သူများလှူဒါန်းငွေဖြင့် ပြုပြင်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မန္တလေး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ အရန် မီးသတ်စခန်းမှ ပြည်သူများထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး ပြုပြင်နေသော မီးသတ်ယာဉ်ကို ဒီဇင်ဘာ ၄ရက် နံနက်က ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်း၊ ခရိုင်အရန်မီးသတ်တပ်ဖွဲ့ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှမောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူတို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**(အောက်ပုံ)**

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းနှင့်အဖွဲ့အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူ၊ သီရိမာလာအရှေ့ မီးသတ်စခန်းတပ်ခွဲမှူး ဦးဝင်းစိန်တို့က ရပ်ကွက်ပြည်သူများ ထည့်ဝင်ငွေဖြင့် ပြုပြင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်မီးသတ်ဦးစီးအရာရှိဦးမြသန်းက မီးသတ်ယာဉ် တောင့်တင်းခိုင်မာရေး၊ အသင့်အနေအထားရှိရေး၊ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ သတ်မှတ်ချိန် မီးသတ်ယာဉ်စောပြီးရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး မှာကြားသည်။

အဆိုပါမီးသတ်ယာဉ်အား ပြည်သူအများထည့်ဝင်ငွေ ကျပ်၇၅သိန်းဖြင့် နိုင်ငံတော်မှ ပေးအပ်သော စတားအမည်ရှိ ရေဂါလန် ၁၀၀၀ ကျော်ဆံ့ မီးသတ်ယာဉ်ကို ပြန်လည်ပြုပြင်ကြောင်း သိရသည်။ **(၁၆၂)**



**ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက်တွင် စည်ပင်သာယာရေး အဖွဲ့ရုံးမှ တာဝန်ခံ အင်ဂျင်နီယာဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်သော ရေပေးရေး လုပ်ငန်း ရေတွင်းတူးဖော်မှု အခြေအနေကို နိုဝင်ဘာ ၂၄ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## သန့်ကောင်ကင်းရန် ကျောင်းသားများအား သန်ချဆေး တိုက်ကျွေး

**ဂန့်ဂေါ ဒီဇင်ဘာ ၁၅**

ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ သန်ကောင်ရောဂါ စွဲကပ်ခြင်းမှ ကင်းဝေးစေရန်ကျောင်းသားကျောင်းသူ ရင်သွေးငယ်များအား သန်ချဆေး တိုက် ကျွေးခြင်းကို ဒီဇင်ဘာ ၆ရက်က ဂန့်ဂေါမြို့ မြို့မရပ်ကွက် အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်းနှင့်အဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနှင့် အဖွဲ့တို့ တက်ရောက်၍ကျောင်းသား ကျောင်းသူများအား သန်ချဆေး တိုက်ကျွေးပေးကြသည်။ (၂၇၃)

**မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေမာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ တာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်ခင်လဲ့လဲ့နိုင် ဦးဆောင်၍ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)



# ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ တာချီလိတ်၌ ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၁၀

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ၃ရက် နံနက် ၉ နာရီက အောင်မြတ် ခန်းမ၌ ကျင်းပသည်။**

**အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။**

**အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်က အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ယုက အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒေါက်တာမြင့်အောင်က အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။**

**ထို့နောက် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပိုစတာပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။**

(ခရိုင် ပြန်/ဆက်)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**ပြာသိုလဆန်း ၅ ရက်**
**၂၃-၁၂-၂၀၀၆**
**(စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
  - (၁) ချစ်သူချင်းမို့ သိနားလည် (ဇော်မင်းလေး-ငွေငွေမြင့်)
  - (၂) တကယ်ချစ်ရဲ့လား (ကျော်ဟိန်း-နွဲ့ယဉ်ဝင်း)
  - (၃) ချစ်စေတနာရှင် (မြတ်ထွဋ်-ပန်းအိဖြူ)
- ၀၉း၄၅ အာဆီယံအစီအစဉ်
- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
  - (၁) သာယာလှပ မိသားစုဘဝ (ခေါင်းကြီး)
  - (၂) ကြက်ဆိုလျှင် ကျက်အောင်ချက် (ဆောင်းပါးသရုပ်ဖော်)
- ၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၂း၁၀ နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)
- ၁၃း၁၀ ပညာရေး အစီအစဉ် (အထက်တန်း-ဓာတုဗေဒ) (ဓာတ်ပြုနှုန်း၊ ဓာတုမျှခြေနှင့် စွမ်းအင်ခြေပြောင်းလဲမှု)

**ညနေပိုင်း**

- ၁၅း၃၀ Grand Royal Challenge Cup 2006 ဗိုလ်လုပွဲ
- ၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးနှင့် ဧရာဝတီတိုင်းမှ မောင်နိုင်လင်းအောင်တို့၏ ခေတ်ဟောင်း/ကာလပေါ်တေး
- ၁၇း၁၅ ခေတ်ဟောင်းတေး
  - (၁) ဂျပိုးပွေလီ (မကြည်အောင်)
  - (၂) ဆင်းရဲသားဝါဒ (ဥသြဘသောင်)
  - (၃) မယ့်သဇင်နွယ် (မအေးမိ)
- ၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
- ၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် လမ်းလျှောက်ခြင်း (မောင်ဝင်း)
- ၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်သီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် စိုင်းဆိုင်မောဝ်၏ အဖေ့ရဲ့သား တေးစီးရီး)
- ၂၀း၃၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့)
- ၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) အိပ်မက်ထဲက မေ့ချစ်သူ (ခင်ညိုလင်း)
  - (၂) ပန်းဦးပန်မယ့်သူ (သုမောင်)
  - (၃) ချစ်သူလွမ်းမလေး (ခိုင်စံပယ်)

## သွားနှင့်ခံတွင်း ထိန်းသိမ်းစောင့်ရှောက်မှု လက်တွေ့ကုသပေး

**ကန့်ဘလူ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကျန်းမာရေးဦးစီးဌာန သွားနှင့် ခံတွင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို နိုဝင်ဘာ၂၉ရက် နံနက်၁၁နာရီက ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးကံသာနှင့် ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာတင်စိုးနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ သွားနှင့်ခံတွင်းဆရာဝန် ဒေါ်တ်တာတင်စိုးက ကျောင်းသူ ကျောင်းသားများအား သွားနှင့်ခံတွင်းရောဂါ တစ်ဦးချင်း ရှာဖွေစစ်ဆေး ကုသပေးပြီး ကျောင်းအုပ်ဆရာကြီးဦးကံသာက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒေါက်တာတင်စိုးက လူတိုင်းသက်ရှည် ကျန်းမာစွာနေနိုင်ရေး အာဟာရအစားအသောက်နှင့် သွားနှင့် ခံတွင်း ထိန်းသိမ်းစောင့်ရှောက်မှု အရေးပါပုံ၊ ဖြစ်ပွားတတ်သောရောဂါများ ကာကွယ်စောင့်ရှောက်ပုံတို့ကို ဗွီစီဒီ၊ ဒီဗွီဒီ၊ ပုံစံတူ၊ ရုပ်ပုံကားချပ်များဖြင့် လက်တွေ့ရှင်းလင်း ဆွေးနွေးဟောပြောသည်။ **(၀၅၆)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မန္တလေးမြို့ လမ်း၈၀ လှကလေးစိန်ထိုးမုန့်နှင့် ရွှေတုတ်မိုးကုတ် လက်ဖက်မှ ဦးမြဝင်း-ဒေါ်ခင်မေသန်း၊ သား မောင်ထက်အောင်သူရ၊သမီး မခင်ချမ်းမြေ့သူ မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းခုနစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ( M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ဖြူးမြို့နယ် မိခင်/ ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဖွင့်

ဖြူး ဒီဇင်ဘာ ၁၆

ဖြူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ညောင်ပင်သာဒေသ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀နာရီက ဖြူးမြို့နယ် ညောင်ပင်သာတိုက်နယ်ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေနှင့် အမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်တိုင်းရင်းကျန်းမာရေးဆေးခန်းမှူးဦးမြင့်လွင်နှင့် သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေတို့က အမှာစကားပြောကြားကြပြီး သင်တန်းကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်တိုင်းရင်းကျန်းမာရေးဆေးခန်းမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချခဲ့ကြောင်း သိရသည်။ (၂၈၄)

## လှိုင်လင်မြို့၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

လှိုင်လင် ဒီဇင်ဘာ ၁၀

လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသက်နိုင်ဦး ခေါင်းဆောင်သော အဖွဲ့ဝင် ဒုတိယရဲမှူးတက်ထွန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးသောင်းဝင်းတို့နှင့် အတူ အမျိုးသမီးရေးရာဥက္ကဋ္ဌ အဖွဲ့တို့ ပါဝင်သော အဖွဲ့သည် ဒီဇင်ဘာ ၃ရက်က လှိုင်လင်မြို့နယ် တောင်နောက်ကျေးရွာ၊ ခေါင်းနွဲ့ကျေးရွာနှင့် မိုင်းပွန်ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကျေးရွာစာကြည့်တိုက်များ တည်တံ့ရေး၊ ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)



ဦးကျင်စန်း-ဒေါ်တင်ကြည်တို့ကို အမှူးထား၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၁)လမ်း အမှတ် (၆၈) နေ ဒေါက်တာချယ်ရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို ရွှေစင်တိပိဋကရေ တိပိဋကကောဝိဒမ္ဗဘဏ္ဍာဂါရိက မြင်းခြံဆရာတော်ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

## ခြစည်းရိုးကြက်ဆူပင် ရွှေတောင်၌ စုပေါင်းပျိုးထောင်

ရွှေတောင် ဒီဇင်ဘာ ၁၀

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲတော်ကို ဒီဇင်ဘာ ၅ရက် ညနေပိုင်းက မြို့နယ်သစ်တောဦးစီးဌာန ပိတောက်မြိုင်ယာယီ သစ်တောပျိုးဥယျာဉ်၌ ကျင်းပသည်။**

အခမ်းအနားသို့ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား အဖွဲ့တစ်ခုချင်းစီအလိုက် ကြက်ဆူစေ့နှင့် မျိုးကိုင်းများ ပေးအပ်သည်။(ဝဲပုံ)

**စစ်ဆေး**

ဆက်လက်၍ ကြက်ဆူပင်စုပေါင်းပျိုးထောင်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး သစ်တော ဦးစီးဌာနက ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် အရိပ်ရပင်များ ပျိုးထောင်ရန် ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**ပျိုးထောင်ခဲ့**

အဆိုပါ စုပေါင်းပျိုးထောင်ပွဲတော်တွင် ကြက်ဆူစေ့ နှစ်သောင်းကျော်နှင့် ကြက်ဆူကိုင်း တစ်သောင်းကျော် စုပေါင်းပျိုးထောင်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)



## ဟိုပင်မြို့၌ အာဟာရချက်ပြုတ်ပြိုင် ရင်သွေးများ အာဟာရကျွေးမွေး

ဟိုပင် ဒီဇင်ဘာ ၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် မူကြိုရင်သွေးငယ်များအား အာဟာရကျွေးမွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၃ရက် နံနက် ၁၀နာရီက ဟိုပင်မြို့ မူကြိုနေ့ကလေးထိန်းကျောင်း၌ ကျင်းပသည်။

**ရည်ရွယ်ချက်**

အခမ်းအနားတွင် ဟိုပင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

ထို့နောက်ပြိုင်ပွဲဝင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ချက်ပြုတ်ထားသည့် အစားအစာများကို ဟိုပင်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာမျိုးမျိုးဝင်း ဦးဆောင်သော အကဲဖြတ်အဖွဲ့ဝင်များက စစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)

**နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဥဏ်တော-ဖာသွန်းလမ်းပိုင်း မြေသားလမ်းမှ ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ဗိုလ်ဗိုလ်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)



## လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

**ဗန်းမော်မြို့ သီရိရတနာဈေးအတွင်း ရောင်းချလျက်ရှိသော သားငါး အရောင်းဆိုင်များ အလေးချိန်ခွင် ပြည့်မီမှန်ကန်စေရေးအတွက် ဒီဂျစ်တယ်ချိန်ခွင် အသုံးပြုစစ်ဆေးခြင်းကို ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်သူ ခေါင်းဆောင်သော ဈေးဌာနစိတ်ဝန်ထမ်းများကြီးကြပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးအောင်ကိုလတ် ကွင်းဆင်းကြီးကြပ်စဉ်။** (မြို့နယ် စည်ပင်)



**မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြနှင့် ကျေးလက် ဆက်သွယ်သည့်လမ်းနှင့် တံတားများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ရက်က မကွေးမြို့နယ် မြင်ကွန်းကျေးရွာနှင့် စိုင်ကျကျေးရွာချင်းဆက် လမ်းပေါ်တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကြည်စိုးကြီးကြပ်၍ ဆောက်လုပ်ပြီးစီးသော ချောင်းကူးတံတားကို တွေ့ရစဉ်။** (မြို့နယ်စည်ပင်)

## ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆောင်ရွက်

ဟားခါး ဒီဇင်ဘာ ၁၆

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မင်းတပ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်း၌ ကျင်းပရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ မင်းတပ်ခရိုင်ဦးစီးအရာရှိ ဦးလှမြင့်နှင့် မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နှင့် ရေဇွာမြို့နယ် ဦးစီးမှူးများ တက်ရောက်ကြသည်။

**ရှင်သန်အောင်**

ရှေးဦးစွာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်က အမှာစကားပြောကြားရာတွင် ဖွင့်လှစ်ရန် ကျန်ရှိသည့် ကျေးရွာစာကြည့်တိုက်များ အမြန်ပြီးစီးရန် ဖွင့်လှစ်ရေး၊ ဖွင့်လှစ်ပြီးကျေးရွာ စာကြည့်တိုက်များ သတ်မှတ်အရေအတွက်အတိုင်း နှစ်အလိုက်ခိုင်မာသော စာကြည့်တိုက်များအဖြစ် ရေရှည်တည်တံ့ဖွံ့ဖြိုးရှင်သန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ရှင်းလင်း**

ဆက်လက်၍ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြပြီး ခရိုင်ဦးစီးအရာရှိက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

(ပြည်နယ် ပြန်/ဆက်)



## စာပေဟောပြောပွဲကျင်းပရေး ပျဉ်းမနား၌ ဆွေးနွေး

ပျဉ်းမနား ဒီဇင်ဘာ ၁၀

ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရန် ညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀နာရီက စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်း၌ ကျင်းပသည်။

ဆွေးနွေးပွဲ၌ ပျဉ်းမနားမြို့ စာပေဟောပြောပွဲကို ဇန်နဝါရီ ၇ ရက် သို့မဟုတ် ၁၄ရက် တွင် ကျင်းပနိုင်ရန် ဆွေးနွေးကြပြီး ရန်ကုန်မြို့မှ စာရေးဆရာများ ဟောပြောကြမည်ဟု သိရသည်။ (ဝ၉၉)



ရန်ကုန်မြို့ ဒက္ခိဏာရုံကျောင်းတိုက် စာချဆရာတော် ဦးပဏ္ဍိတနှင့် တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ၏ (၁၀)နှစ်မြောက် ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို နိုဝင်ဘာ ၂၇ ရက်က မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အမက(၄၁)စံပြ ဒဟတ္တန်းကျေးရွာ၌ ကျင်းပရာ ဒက္ခိဏာရုံကျောင်းတိုက် စာချဆရာတော်ဦးပဏ္ဍိတက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအေးနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## အင်းလေးဒေသ စိမ်းလန်းစိုပြည် သာယာရေး ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် လုပ်ငန်းရှင်များဆွေးနွေး

**တောင်ကြီး ဒီဇင်ဘာ ၁၈**

အင်းလေးဒေသ စိမ်းလန်းစိုပြည်ရေးနှင့် အင်းရေပြင်သန့်ရှင်းသာယာလှပရေး၊ သဘာဝတောများ မပျက်စီးရေးတို့အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကြီးကြပ်မှုအဖွဲ့နှင့် ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်အဆင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ကြီးက အင်းလေးဒေသ စိမ်းလန်းစိုပြည်ရေးနှင့် အင်းရေပြင် သန့်ရှင်းသာယာလှပရေး၊ သဘာဝတောများ မပျက်စီးစေရေးအတွက် ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် ဦးနေဝင်းက ဒေသန္တရညွှန်ကြားချက်(၁/၂၀၀၆)နှင့် (၂/၂၀၀၆)တို့ကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေး တင်ပြကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပျဉ်းမနားမြို့ ရွှေချီ (၇) လမ်းနေ ဇေယျကျော်ထင်နှင့် မော်ကွန်းဝင် ပထမဆင့် ဒုတိယဗိုလ်မှူးကြီး ခင်မောင်(ငြိမ်း)၏ဇနီး ဒေါ်ခင်လှ (၈၃)နှစ်ပြည့် မွေးနေ့အတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



## မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေး အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ခြင်း ဆရာဖြစ်သင်တန်းဖွင့်

**ဘူးသီးတောင် ဒီဇင်ဘာ ၅**

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ဘူးသီးတောင်မြို့နယ်သို့ သွားရောက်၍ ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပသော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆရာဖြစ်သင်တန်းဖွင့်ပွဲသို့ တက်ရောက်ကြသည်။

### ရည်ရွယ်ချက်

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)တွင် ဖွင့်လှစ်သည့် မျိုးဆက်ပွား ဆရာဖြစ်သင်တန်းသို့ တက်ရောက်ခဲ့သော သင်တန်းသူ ဒေါ်နန်းခင်ကြည်ကျော်က သင်တန်းအတွေ့အကြုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်သိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

### ပေးအပ်

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံက ဆင့်ပွားသင်တန်းအတွက် သင်တန်းစရိတ်များ ချီးမြှင့်ပေးအပ်ပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းခင်ကြည်ကျော်က ပေးအပ်သည့် အသင်းဝင်အဆိုပြုလွှာ ၆၀၀ ကို လက်ခံရယူသည်။

**(ပြည်နယ်အမျိုးသမီးရေးရာ)**

## တံတားနှင့် လမ်းများ ကာမိုင်း၌ စုပေါင်းပြုပြင်

**ကာမိုင်း ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့် နှင့်ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများစုပေါင်း၍ ထွယ်ဆန်ယန်ကျေးရွာအတွင်းရှိ တံတားများနှင့် လမ်းများ ပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်တာဝန်ခံ ဦးဆန်းအောင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(၄၁၆)**

## မြန်အောင်မြို့ အထက သပြေကုန်း တတိယအကြိမ် အာစရိယပူဇော်ပွဲ

**မြန်အောင် ဒီဇင်ဘာ ၁၅**

မြန်အောင်မြို့နယ် အထက သပြေကုန်း၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

### ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ဒေါ်ဖြူဖြူဝင်း ကျောင်းအုပ်ဆရာမကြီး အထက သပြေကုန်း ဖုန်း-၀၄၄-၂၁၉၄၆၊ ဦးဝင်းဆွေ-ဒေါ်ရီရီခင် ဖုန်း-၅၁၄၁၁၄နှင့် ဦးသိန်းဝင်း (ထောက်ကြံ့) ဖုန်း-၆၀၀၄၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင် သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဒီဇင်ဘာ ၈ ရက်က ကျိုင်းလပ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ခွာညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

**စစ်ကိုင်း ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၈ရက်က စစ်ကိုင်းတိုင်း ဆားတောင် တိုက်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့်အဖွဲ့သည် ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့်အတူ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များ၊ စာအုပ်များ တိုးပွားစွာရရှိရေးများ၊ စာဖတ်သူဦးရေ များပြားစေရန် စည်းရုံးဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးတင်ပြကြရာ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ဆောင်က လိုအပ်သည်များကို ပြန်လည်ဆွေးနွေး ဖြေကြားသည်။ **(ခရိုင် ပြန်/ဆက်)**

**ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရေပေးရေးလုပ်ငန်းကို နိုဝင်ဘာ ၂၁ရက်က လက်ထောက် အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်းနှင့်အဖွဲ့ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ပေးစဉ်။** (မြို့နယ် စည်ပင်)



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှိုးဆော်ချက်

၁။ ရောဂါပိုးများပါရှိသည့်ရေနှင့် အစားအသောက်များ စားသောက်မိခြင်းကြောင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားပါသည်။ မိုးဦးကျကာလတွင် ပိုမိုဖြစ်ပွားလေ့ရှိသော်လည်း ရာသီမရွေး၊ အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ဆောလျင်စွာ ကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ အန္တရာယ်ရှိပါသည်။

၂။ **ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများမှာ-**

(က) ဗိုက်နာကျင်ခြင်းမရှိဘဲ ဝမ်းအရည်များများသွားခြင်း

(ခ) ဝမ်းသွားသည်ကို ခံစားသိရှိခြင်းမရှိဘဲ အရည်များသွားခြင်းတို့ဖြစ်ပြီး တစ်ကြိမ်၊ နှစ်ကြိမ် ဝမ်းသွားရုံနှင့် ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ကုန်ဆုံး၍ အသက်ကို ဆုံးရှုံးနိုင်ပါသည်။

၃။ **ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန်-**

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်း၊ ရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၇) ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲပါ။

၄။ **ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလျှင် အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန်-**

ဓာတ်ဆားထုပ်ကို သန့်ရှင်းသောရေ သို့မဟုတ် ရေကျက်အေးဖြင့် အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန။**

22-12 (17) 1 12/22/06, 2:21 AM

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

**နေပြည်တော်  ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလုပ်သဘောခရီးလည်ပတ်ရန် ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်၉နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

*စာမျက်နှာ ၁၀ ကော်လံ ၃* ●



**ပို့ဆောင်နှုတ်ဆက်**

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ညွှန့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာ နာရာကာအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြ



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။**
(သတင်းစဉ်)



ရန်ကုန် ဒီဇင်ဘာ ၂၁

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီနှင့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေး အဖွဲ့တို့မှ အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်လေးဦးတို့က ဖတ်ကြားတင်ပြကြသည်။**

**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့်

*စာမျက်နှာ ၅ ကော်လံ ၁* ❒

22-12 (20) 1 12/22/06, 2:22 AM